ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စေတနာကောင်းကိုထား**

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအား လောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှုပြုလိုသောစိတ် မရှိသူအား မကောင်းမှုသည်မရှိ။

အရာရာတွင် စေတနာသာလျှင် အဓိကဖြစ်၍ စေတနာကောင်းကို ထားသင့်လှ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၄)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလကွယ်၊ အင်္ဂါနေ့။ Tuesday, 29 November 2016 (၈၇၆၀)

# တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်သည့်အခါ ပြည်ထောင်စုသားများအားလုံး၏ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူ၊ ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# အနာဂတ်တွင် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးကို အဓိကမောင်းနှင်မည့် စီးပွားရေးအင်အားစုကြီးဖြစ်



ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ကို လုပ်ငန်းကော်မတီများအနေဖြင့် တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဆိုပါက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို သိသာစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတက ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကလုပ်ငန်းများကို နိုင်ငံ့စီးပွားရေးတွင် လွတ်လပ်စွာပါဝင်ခွင့်ပြုထားပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို တဖြည်းဖြည်းလျှော့ချပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်သည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍရှိ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ၏ အခန်းကဏ္ဍများကပါ အလုပ်အကိုင်အခွင့်အလမ်းများ

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**



## ပြည်တွင်းရေးရာ

**❋ ရှေ့ဖုံးမှ**

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် တစ်နိုင်ငံလုံးနှင့်ဆိုင်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် တစ်တိုင်းပြည်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုဟုလည်း ပြော၍ရပါကြောင်း၊ မိမိတို့ဦးတည်ချက်သည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖြစ်သည့် တိုင်းရင်းသားများအားလုံးပါဝင်သည့် ညီညွတ်သည့်နိုင်ငံတော်တစ်ခု ဖြစ်မြောက်ရေးနှင့် ခိုင်မြဲရေးပင်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးရေးကိုကြည့်မည်ဆိုပါက အဘက်ဘက်ကကြည့်ရမည်ဖြစ်ပါကြောင်း၊ ပထမအရေးအကြီးဆုံးသည် စည်းလုံးညီညွတ်မှုဖြစ်ပါကြောင်း၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုသည် မည်သို့မျှရရှိနိုင်မည်မဟုတ်ပါကြောင်း။

ဒုတိယအရေးကြီးဆုံးသည် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုကို ထိန်းသိမ်းသွားရန် ခက်ခဲပါကြောင်း၊ ထို့ကြောင့် ယင်းအချက်နှစ်ချက်ကို ဟန်ချက်ညီညီ အကောင်အထည်ဖော်ရန်သည် ဗဟိုကော်မတီ၏ တာဝန်ဟုပြော၍ရပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် သူ့တာဝန်နှင့်သူရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း သူ့တာဝန်နှင့်သူရှိပါကြောင်း၊ လုပ်ငန်းများအားလုံးကို ပူးပေါင်းပြီးဆောင်ရွက်နိုင်ရန် မိမိတို့ဗဟိုကော်မတီက ဝိုင်းဝန်းပြီးကူညီပေးရန် လိုအပ်သည်ဟုမြင်ပါကြောင်း။

ယခုအစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များက မိမိတို့၏ စိုးရိမ်မှုများနှင့် လိုအပ်ချက်များကို တင်ပြ၍ရပါကြောင်း၊ ဗဟိုဘက်မှလည်း တစ်တိုင်းပြည်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် မည်သို့ဆောင်ရွက်ရမည်ကို မိမိတို့ဘက်က အကြံဉာဏ်ပေးနိုင်ပါကြောင်း၊ ယင်းကိစ္စရပ်များသည် နှီးနှောဖလှယ်၍ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ ခြုံငုံ၍ပြောရမည်ဆိုပါက တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်သည့်အခါ နိုင်ငံသူ၊ နိုင်ငံသားများ၊ ပြည်ထောင်စုသားများအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် ရေတို ရေရှည်စီမံကိန်းများဖြင့် ဆောင်ရွက်သွားရန်ဆန္ဒရှိပါကြောင်း၊ ရေရှည်စီမံကိန်းကိုသာစဉ်းစားပါက ထိထိရောက်ရောက် အကောင်အထည်မဖော်နိုင်သည်ကိုတွေ့ရပါကြောင်း၊ ရေတိုစီမံကိန်းကိုသာ စဉ်းစားပါကလည်း ဆက်လက်ခိုင်မာစေရန်နှင့် ဆက်လက်ပြီး ဖွံ့ဖြိုးမှုကိုထိန်းသိမ်းသွားရန် အခက်အခဲရှိပါကြောင်း၊ ရေတိုရေရှည်စီမံကိန်းများ ဆောင်ရွက်သည့်နေရာတွင်လည်း ဆက်စပ်မှုရှိရန်လိုအပ်ပါကြောင်း၊ အဖွဲ့ဝင်အားလုံးသည် ရေတိုရေရှည်စီမံကိန်းများအနေဖြင့် မည်သည့်ကဏ္ဍများကို လုပ်သင့်သည်ကို စဉ်းစားပြီးဝိုင်းဝန်းအကြံပေးရန် လိုအပ်ပါကြောင်း။

ယခုအစည်းအဝေးတွင် ဦးတည်ဆုံးဖြတ်လိုသည်မှာ ဗဟိုကော်မတီသည် ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည့်ပုံစံဖြင့် ဆောင်ရွက်ပေးရန် လိုအပ်သည်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များက တင်ပြစေလိုပါကြောင်း၊ တင်ပြချက်များအပေါ် အခြေခံ၍ ဗဟိုအစိုးရက မည်သို့ပံ့ပိုးပေးရမည်ကို ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဗဟိုအစိုးရအကြားတွင် ပူးပေါင်းဆောင်ရွက်မှုသည် မျှော်လင့်သလောက်၊ လိုချင်သလောက် ပီပီပြင်ပြင်မရှိဘဲဖြစ်နေပါကြောင်း။

ထို့ကြောင့် စဉ်ဆက်မပြတ် ထိတွေ့မှုရှိစေရန် အလုပ်များဆောင်ရွက်ရာတွင် တစ်ဖက်နှင့်တစ်ဖက်ဆက်သွယ်၍ ဆွေးနွေးသင့်သည်များကို မြန်မြန်ဆွေးနွေးပြီး ဆုံးဖြတ်သင့်သည်များကို မြန်မြန်ဆုံးဖြတ်နိုင်ရန် ဆောင်ရွက်နိုင်မည့် အကောင်းဆုံးနည်းလမ်းကို ဆွေးနွေးအကြံပြုစေလိုပါကြောင်း။

အရေးကြီးဆုံးကိစ္စမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မည်သည့်ပုံစံဖြင့် ပံ့ပိုးပေးနိုင်မည်၊ မည်သည့်ပုံစံဖြင့် တွန်းအားပေးနိုင်မည်၊ မည်သည့်ပုံစံဖြင့်ဖြည့်ဆည်းပေးနိုင်မည်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက အကြံပြုချက်များပေးစေလိုကြောင်း၊ အဆိုပါအကြံပြုချက်များအပေါ် အခြေခံ၍ NRPC နှင့် ဗဟိုကော်မတီတို့ မည်သို့ပူးပေါင်းဆောင်ရွက်နိုင်မည်ကို ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဗဟိုကော်မတီဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များ၊ မူဝါဒ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်၊ သမိုင်းကြောင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**(သတင်းစဉ်)**

**❖ အနာဂတ်တွင်မှ**

တိုးပွားရေး၊ ကုန်ထုတ်လုပ်မှုမြင့်တင်နိုင်ရေးနှင့် နိုင်ငံတကာဈေးကွက် ထိုးဖောက်ယှဉ်ပြိုင်နိုင်စွမ်း မြင့်တင်ဖန်တီးနိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍများရှိ လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် အသင်းအဖွဲ့များ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် အနာဂတ်ကာလတွင် ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံ့စီးပွားရေးကို အဓိကမောင်းနှင်ရမည့် စီးပွားရေးအင်အားစုကြီးဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် လွန်စွာကျယ်ပြန့်သည့်အတွက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ကို ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးမဏ္ဍိုင်၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးမဏ္ဍိုင်၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးမဏ္ဍိုင်၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍ ပြန်လည်ရေးဆွဲရေးမဏ္ဍိုင်နှင့် အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေးမဏ္ဍိုင်တို့ကို အခြေတည်ရေးဆွဲခဲ့ပါကြောင်း၊ မဏ္ဍိုင်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများကိုဖွဲ့စည်းသွားမည် ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်ဖြစ်သည့်အတွက် လုပ်ငန်းကော်မတီများတွင် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်ဖွဲ့စည်းရန် လျာထားပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍစီးပွားရေးလုပ်ငန်းများနှင့် မကြာခဏထိတွေ့ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအတွက် ဘက်စုံထောင့်စုံမှ တက်တက်ကြွကြွပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကော်မတီ၏ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ လုပ်ငန်းကော်မတီများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဖေဇင်ထွန်း၊ ဦးအုန်းမောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် တာဝန်ရှိသူများက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(သတင်းစဉ်)**

# သက်ငယ်မုဒိမ်းမှုကျူးလွန်သူများကို ထောင်ဒဏ်နှစ် (၂၀) အပြစ်ပေးနိုင်ကြောင်း သိရှိနိုင်စေရန်နှင့် အသိပညာပေးရန်ဆုံးဖြတ်

**နေပြည်တော် နိုဝင်ဘာ ၂၈**

သက်ငယ်မုဒိမ်းမှုဖြစ်စဉ်များ ပိုမိုများပြားလာခြင်းကြောင့် ပြည်သူလူထုစိတ်နှလုံးမချမ်းမြေ့ဖွယ်ဖြစ်ရပြီး မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသဖြင့် နိုင်ငံအတွင်းရှိ ကလေးသူငယ်များ၏ လူမှုဘဝများ လုံခြုံရေးအတွက် သက်ငယ်မုဒိမ်းမှုများဖြေရှင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်ရှိ ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။



ယင်းသို့ပြောကြားရာတွင် လတ်တလောဖြစ်ပွားနေသော သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး၊ ကျူးလွန်ခံရသောကလေးသူငယ်များအတွက် ကျန်းမာရေး၊ စိတ်ပိုင်း၊ ရုပ်ပိုင်းစောင့်ရှောက်မှုနှင့် ဥပဒေကြောင်းအရ ကူညီပံ့ပိုးရေးတို့ကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံးဖြေရှင်းနိုင်ရေး ဆွေးနွေးပြောကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ နေပြည်တော်ကောင်စီဝင်၊ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ညှိနှိုင်းအစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုအစီအစဉ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သက်ငယ်မုဒိမ်းမှု ဖြေရှင်းဆောင်ရွက်ရေးဆိုင်ရာ အချက်အလက်များရှင်းလင်းတင်ပြခြင်း၊ သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်၍ တုံ့ပြန်ဖြေရှင်းဆောင်ရွက်ရေးနည်းလမ်းများ အဆိုပြုတင်ပြခြင်းနှင့် ယင်းအဆိုပြုချက်အပေါ် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

သက်ငယ်မုဒိမ်းမှုများသည် ဖြစ်စဉ်များအရ ကျေးလက်ဒေသများတွင် အများဆုံးဖြစ်ပွားလျက်ရှိသကဲ့သို့ မြို့ပြများတွင်လည်း မြို့စွန်ရပ်ကွက်များ၌ အများဆုံးဖြစ်ပွားလျက်ရှိနေသည်။ သို့ဖြစ်၍ သက်ငယ်မုဒိမ်းမှုများ ပပျောက်စေရေးအတွက် ရေတို၊ ရေရှည်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်နှင့် ကျေးရွာများအထိ အသိပညာပေးမှုလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် လူမှုအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ပေးခြင်း၊ လူစည်ကားရာဈေး၊ ကားဂိတ်၊ ရေဆိပ်စသည့်နေရာများတွင် အသိပညာပေးဆိုင်းဘုတ်များထူထောင်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများဆောင်ရွက်သွားရန်၊ အဆိုပါသက်ငယ်မုဒိမ်းမှုကျူးလွန်သူများကို ထောင်ဒဏ် နှစ်(၂၀)အထိ ပြစ်ဒဏ်ပေးနိုင်ကြောင်းသိရှိစေရန် အသိပညာပေးကြရန် ဆွေးနွေးဆုံးဖြတ်ပြီး ရေရှည်ဆောင်ရွက်ရမည့် ကိစ္စများကို ဆက်လက်အကောင်အထည်ဖော်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂)တောင်ငူ အင်ဂျင်နီယာများ လုပ်ငန်းအတွေ့အကြုံဆွေးနွေး

**ရေတာရှည် နိုဝင်ဘာ ၂၈**

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂)တောင်ငူ၏ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၈ ရက် ညနေ ၃ နာရီက အင်ဂျင်နီယာများ လုပ်ငန်းအတွေ့အကြုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းအင်ဂျင်နီယာ ၈၀ ကျော် တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲတွင် စက်ကိရိယာများ၏ စွမ်းပကားနှင့် အခြေခံသဘောတရားများ၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အကျိုးရှိစွာသုံးစွဲနိုင်မှုတို့ကို အင်ဂျင်နီယာဦးချစ်ထူးက ရှင်းလင်းပြောကြားသည်။ "အင်ဂျင်နီယာတွေ လစဉ်တွေ့ဆုံပွဲတွေလုပ်တာက အတွေ့အကြုံရင့်ကျက်တဲ့ အင်ဂျင်နီယာတွေဆီကနေ မျိုးဆက်သစ်အင်ဂျင်နီယာတွေကို အသိပညာဖလှယ်ပေးနိုင်တယ်။ သင်ကြားခဲ့ရတဲ့ ပညာရပ်တွေနဲ့ တကယ်လက်တွေ့လုပ်ကိုင်ရတဲ့အခါမှာ ကိုယ်မသိသေးတဲ့အရာတွေ အများကြီးရှိနိုင်ပါတယ်။ ဒါကြောင့်လည်း ခုလိုတွေ့ဆုံပွဲတွေကနေ အတွေ့အကြုံတွေ ရရှိလာမယ်။ ကိုယ်တတ်ကျွမ်းတဲ့ အတတ်ပညာနဲ့ တောင်သူတွေရဲ့အကျိုးစီးပွား၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေမှာ များစွာအထောက်အကူရရှိနိုင်မှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် အင်ဂျင်နီယာများက မိမိတို့၏လုပ်ငန်းများအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး လိုအပ်ချက်များအား ဖြည့်စွက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

# ထိုင်းနိုင်ငံ၌ ပါလီမန်အထူးအစည်းအဝေးခေါ်ယူ၊ အိမ်ရှေ့မင်းသားနန်းတက်ရေး ဖိတ်ခေါ်ဖွယ်ရှိ



**ဗန်ကောက် နိုဝင်ဘာ ၂၈**

ထိုင်းနိုင်ငံ၌ အိမ်ရှေ့မင်းသား မဟာဗာဂျီရာလောင်ကွန်း နန်းတက်မည့်နေ့ရက် နီးကပ်လာချိန်တွင် ပါလီမန်အထူးအစည်းအဝေးကို လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ပြည်သူတို့၏ ချစ်ခင်ကြည်ညိုမှုကို ခံယူရရှိသော ဘုရင် ဘူမိဘော အဒူယာဒက်သည် အောက်တိုဘာ ၁၃ ရက်က ကံတော်ကုန်ခဲ့ပြီးနောက် အိမ်ရှေ့မင်းသား ဗာဂျီရာလောင်ကွန်း နန်းမွေဆက်ခံနိုင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေချိန်အတွင်း အမျိုးသားဥပဒေပြုလွှတ်တော် အထူးအစည်းအဝေးကို ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ အထူးအစည်းအဝေးတွင် အိမ်ရှေ့မင်းသားနန်းတက်နိုင်ရေးအတွက် ဖိတ်ခေါ်မှုပြုလုပ်ဖွယ်ရှိသည်ဟု ထင်ကြေးပေးပြောဆိုမှုများ ပေါ်ထွက်လျက်ရှိသည်။

ပါလီမန်အထူးအစည်းအဝေး ကျင်းပရန် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက မိမိအား တိုက်တွန်းခဲ့ကြောင်း အမျိုးသားဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌ ပွန်ပက်ဝီချီချိုင်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ အထူးအစည်းအဝေးတွင် မည်သည့်အကြောင်းရပ်များကို ဆွေးနွေးသင့်သည်ဟု ဝန်ကြီးချုပ်က အသေးစိတ်ပြောကြားခြင်းမရှိဟု ဆိုသည်။

ဘုရင်အဖြစ် နန်းတက်ရေးတွင် ပါလီမန်က နန်းမွေဆက်ခံခွင့်ရှိသူ အိမ်ရှေ့မင်းသားအား ဖိတ်ခေါ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြသည်။

**ရိုက်တာ။**



## စစ်သည်တင်သံချပ်ကာယာဉ်များ သိမ်းဆည်းရမိမှု တရုတ်က စင်ကာပူအားတရားဝင်ကန့်ကွက်

**ပေကျင်း နိုဝင်ဘာ ၂၈**

စင်ကာပူနိုင်ငံသို့ ပေးပို့ရန်အတွက် တရုတ်(တိုင်ပေ)မှ သယ်ဆောင်လာသော စစ်သည်တင် သံချပ်ကာယာဉ်များကို ဟောင်ကောင်အကောက်ခွန်ဌာနက သိမ်းဆည်းရမိသည့် ဖြစ်ရပ်နှင့် ပတ်သက်၍ တရုတ်နိုင်ငံက တရားဝင်ကန့်ကွက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

စင်ကာပူနိုင်ငံသို့ ပေးပို့သည့် စစ်သည်တင် သံချပ်ကာယာဉ် ကိုးစီးကို ဟောင်ကောင်အကောက်ခွန် အရာရှိများက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် သိမ်းဆည်းခဲ့သည်။ တရုတ်(တိုင်ပေ)နှင့် စစ်ရေးဆက်ဆံမှု ပြုလုပ်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက စင်ကာပူအစိုးရကို တရားဝင်ကန့်ကွက်ခဲ့သည်။ တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ခွဲထွက်သည့် ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ထားသည်။

တရုတ်(တိုင်ပေ)နှင့် ပြုလုပ်သော စစ်ရေးနှင့်အခြား ပူးပေါင်းဆောင်ရွက်မှုမှန်သမျှကို မိမိတို့က ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကျန်ရှုယန်က နိုဝင်ဘာ ၂၈ ရက်က ပြုလုပ်သော ပုံမှန် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စစ်သည်တင်သံချပ်ကာယာဉ်များ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ စင်ကာပူနိုင်ငံက ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ၏ သက်ဆိုင်ရာဥပဒေများအား လေးစားလိုက်နာရန်နှင့် ဟောင်ကောင်ဒေသန္တရ အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း တရုတ်နိုင်ငံက ပြောကြားသည်။

ယခင် အင်္ဂလိပ်ကိုလိုနီ နယ်မြေဖြစ်ခဲ့သော ဟောင်ကောင်ကို ၁၉၉၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံက တရုတ်နိုင်ငံထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

**ရိုက်တာ။**

## ဆီးရီးယားသူပုန်အဖွဲ့ကို ကူညီမည်ဟု ကာတာပြော

**ဒိုဟာ နိုဝင်ဘာ ၂၈**

ဆီးရီးယားနိုင်ငံ၌ အစိုးရတပ်ဖွဲ့နှင့် ရုရှားစစ်လေယာဉ်များ တိုက်ခိုက်မှုမှ သူပုန်များ ကာကွယ်နိုင်ရေးအတွက် အမေရိကန်က အကူအညီမပေးတော့လျှင် မိမိတို့နိုင်ငံက သူပုန်အဖွဲ့ကို လက်နက်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာမက် ဘင် အဗ္ဗဒူရာမန်အယ်တာနီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

မိမိ၏ နိုင်ငံသည် ဆီးရီးယား သူပုန်အဖွဲ့ကို ပခုံးထမ်းကာ ပစ်ခတ်နိုင်သော ဒုံးကျည်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကာတာ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်၏ တပ်ဖွဲ့များအား ကူညီသည့်အနေဖြင့် ရုရှားက လေကြောင်းစစ်ရေး အကူအညီပေးနေမှုကို ကာတာအပါအဝင် ပင်လယ်ကွေ့နိုင်ငံများက စိတ်ပျက်လျက်ရှိကြကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

## ကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံတန် ရေကြောင်းကင်းလှည့်လေယာဉ်ငါးစင်းမှာယူရန် နော်ဝေစီစဉ်

**အော်စလို နိုဝင်ဘာ ၂၈**

စောင့်ကြပ်ရေးစွမ်းပကားထိန်းသိမ်းရန်နှင့် အနာဂတ်လုံခြုံရေးစိန်ခေါ်မှုများ ရင်ဆိုင်ရန် ဘိုးရင်း Co P-8A Poseidon ပင်လယ်ရေကြောင်းကင်းလှည့် လေယာဉ်ငါးစင်းမှာယူရန် နော်ဝေနိုင်ငံကစီစဉ်နေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကပြောကြားသည်။

ရေရှည်စစ်ရေးအသုံးစရိတ်တိုးမြှင့်ရန် နော်ဝေလွှတ်တော်၌ သဘောတူညီချက်တစ်ရပ်ရရှိပြီးနောက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံကုန်ကျမည့် အဆိုပါလေယာဉ်များဝယ်ယူရေးမှာ အရေးမပါသောနိုင်ငံရေးအရဆန့်ကျင်မှု ကြုံတွေ့ရဖွယ်ရှိနေသည်။ ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ ခရိုင်းမီးယားဒေသကို ကျူးကျော်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အိမ်နီးချင်းရုရှားနိုင်ငံနှင့်နော်ဝေနိုင်ငံ၏ပင်လယ်ရေကြောင်း နယ်နိမိတ်ပြဿနာမှာ နိုင်ငံအတွင်းရှိ စစ်ဘက်ရေးရာစီမံချက်ရေးဆွဲသူများအနက် အသစ်တစ်ဖန်အလေးထားရာနေရာတစ်ခုဖြစ်လာခဲ့သည်။ နော်ဝေနိုင်ငံ၏ ပင်လယ်ရေပိုင်နက်မှာလည်း အာတိတ်သမုဒ္ဒရာထိရှိနေသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများမဟုတ်သော အိမ်နီးချင်းဆွီဒင်နှင့်ဖင်လန်နိုင်ငံတို့ကလည်း ရုရှားရေငုပ်သင်္ဘောများနှင့် အခြားစစ်ရေယာဉ်များကျူးကျော်ဝင်ရောက်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖော်ပြခဲ့ကြသည်။ "လက်ရှိနဲ့ အနာဂတ်စိန်ခေါ်မှုတွေကိုင်တွယ်ဖြေရှင်းခဲ့တဲ့စွမ်းရည်ကို အားကောင်းအောင် ပြုလုပ်ရမှာဖြစ်ပါတယ်။" ဟု ကာကွယ်ရေးဝန်ကြီး အိုင်နီအဲရစ်ဆင်ဆိုရီဒီက ပြောကြားသည်။ ရုရှားရေငုပ်သင်္ဘောရှာဖွေရေးကင်းလှည့်လေယာဉ်များဖြစ်သည့် Co P-8A Poseidon လေယာဉ်များကို နော်ဝေနိုင်ငံရှိလက်ရှိလေယာဉ်အုပ် P-3 Orion လေယာဉ်ခြောက်စင်း၊ DA-20 Jet Falcon လေယာဉ်များနှင့် အစားထိုးမည်ဖြစ်သည်။ Co P-8A Poseidon လေယာဉ်များကို ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင်ပေးပို့မည်ဟုမျှော်မှန်းရပြီး နော်ဝေနိုင်ငံက ဆက်စပ်ထောက်လှမ်းရေးကိရိယာများကိုလည်းဝယ်ယူမည်ဖြစ်သည်။ **ရိုက်တာ။**

# အလက်ပိုမြို့အရှေ့ပိုင်းမှ မဟာဗျူဟာမြောက်အရပ်တစ်ခုကို သူပုန်များလက်မှ ဆီးရီးယားတပ်ဖွဲ့များ ပြန်လည်သိမ်းယူ

**ဒမတ်စကတ် နိုဝင်ဘာ ၂၈**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုမြို့ အရှေ့ပိုင်းရှိ သူပုန်များထိန်းချုပ်ရာ ဆာခဝါအရပ်ကို နိုဝင်ဘာ ၂၇ ရက်တွင် ဆီးရီးယားအစိုးရ တပ်ဖွဲ့များက အောင်မြင်စွာ ပြန်လည်သိမ်းယူရရှိခဲ့ကြောင်း စစ်ဘက်တာဝန်ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မကြာသေးမီရက်များအတွင်း ဆီးရီးယားနိုင်ငံတစ်ဝန်းတွင် အစိုးရတပ်ဖွဲ့ဘက်မှ ဆက်တိုက်ရရှိခဲ့သော စစ်ရေးအောင်ပွဲများ၏ နောက်ဆုံးအောင်ပွဲဖြစ်ဖွယ် ရှိကြောင်း ဆီးရီးယားအစိုးရသတင်းများ၌ ဖော်ပြသည်။

ဆီးရီးယားအစိုးရ တပ်ဖွဲ့ဝင်များနှင့်မဟာမိတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် အလက်ပိုမြို့ အရှေ့ပိုင်း အိမ်နီးချင်း ဆာခဝါနှင့် ဂျာဘယ်ဘာဒရိုအရပ်တို့ကို ပြန်လည်သိမ်းယူထိန်းချုပ်နိုင်ခဲ့သည်။



ဆီးရီးယားသူပုန်များ၏ အခြေစိုက်စခန်းများတည်ရာ အရပ်ဒေသများနှင့် ထိစပ်နေသည့် မာဆာကန်အရပ်ကို သိမ်းယူနိုင်ခဲ့ပြီး နောက်တစ်ရက်အကြာတွင် ဆာခဝါအရပ်ကို သိမ်းယူနိုင်ခဲ့ကြောင်း အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆာခဝါအရပ်သည် ဆီးရီးယားအစိုးရတပ်ဖွဲ့များနှင့် မဟာမိတ်လက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့သည်။

ထိုစဉ်အတွင်း ထွက်ပြေးသော သူပုန် များကို ဆီးရီးယားစစ်လေယာဉ်များက ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

❐

# တောင်သူလယ်သမားများထမ်းဆောင်ရမည့် အခွန်အခဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး မြေခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်မှု မပြုလုပ်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသောပုံစံ ပြောင်းလဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က တင်သွင်းသည်။

အဆိုတင်သွင်းစဉ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီလျင်မြန်လွယ်ကူစွာ ချေးယူရရှိစေရန်နှင့် ချေးငွေထုတ်ယူရာတွင် ကုန်ကျသည့်စရိတ် သက်သာစေရန်ရည်ရွယ်၍ တင်သွင်းခြင်းဖြစ်ကြောင်း၊ တောင်သူများကိုယ်တိုင် လာရောက်ထုတ်ချေးရသည့်အခါ ရွာကနေ မြို့အထိ တက်လာရသည့်အတွက် အချိန်ကုန်လူပင်ပန်းကြပါကြောင်း၊ ပြည်မြို့နယ်ရှိ လယ်ယာဖွံ့ဖြိုးရေးဘဏ်ဧရိယာသည် ကျဉ်းသည့်အတွက် တောင်သူများသည် လမ်းဘေးပလက်ဖောင်းနှင့် လမ်းမများပေါ်တွင် တစ်နေကုန်စောင့်ဆိုင်းကြရပါကြောင်း၊ ခရီးစရိတ်၊ စားစရိတ် အပိုငွေကြေးများ ကုန်ကျရကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

ယင်းအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံထားသည်။

ထို့ပြင် အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ တောင်သူများအတွက် ခေတ်ကာလနှင့်လျော်ညီသော မြေခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ကောက်ခံရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စည်းကြပ်လျက်ရှိသော မြေခွန်တော်အား တိုးမြှင့်သတ်မှတ်လိုက်ပါက နိုင်ငံတော်အတွက် အခွန်တော်ငွေမြောက်မြားစွာရရှိနိုင်မည်မှာ မှန်ကန်သော်လည်း တောင်သူလယ်သမားများထမ်းဆောင်ရမည့် အခွန်အခဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးကိုရှေးရှု၍ မြေခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်မှု မပြုလုပ်ခဲ့ပါကြောင်း။


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ


ပြည်မဲဆန္ဒနယ်မှ
ဒေါက်တာဒေါ်ခင်စိုးစိုးကြည်

လက်ရှိပြဋ္ဌာန်းထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၈၈၊ ဇယား (၂)အရ မြေယာခွန်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မှ မိမိဒေသအတွင်း အာဏာသက်ရောက်စေရန် ဥပဒေပြုဆောင်ရွက်ခွင့်ပြဋ္ဌာန်းထားရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ပါ ပြဋ္ဌာန်းချက်အရလည်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက ကောက်ခံရမည့်ကိစ္စရပ်ဖြစ်ပါသဖြင့် မြေခွန်နှုန်းထား တိုးမြှင့်ကောက်ခံရေးကိစ္စမှာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရရှိရေး ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်း၏ (၁၆" = ၁မိုင်)စကေးဖြင့်သာ မြေပုံရေးဆွဲခွင့်ရှိသည့် မြေပုံမြို့အပါအဝင် အခြားမြို့များအား (၆၄" = ၁မိုင်)စကေး မြို့ကွက်မြေများအဖြစ် သတ်မှတ်တိုင်းတာနိုင်ရေးအတွက် နိုင်ငံတော်မှမည်သို့ဆောင်ရွက်ပေးမည်ကိုသိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ၆၄ လက်မ = ၁ မိုင်စကေးဖြင့် တိုင်းတာခြင်းမပြုရသေးသည့် မြို့ပေါင်း ၁၇၁ မြို့ရှိပါကြောင်း၊ မြို့မြေတိုင်းတာခြင်းလုပ်ငန်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ခြင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လယ်ယာကဏ္ဍစာရင်းများ ကောက်ယူနိုင်ရေးအတွက် စိုက်ပျိုးမြေတိုင်းတာခြင်းလုပ်ငန်းကို အဓိကထားဆောင်ရွက်နေရခြင်း၊ ဝန်ထမ်းအင်အား လုံလောက်မှုမရှိခြင်းတို့ကြောင့် ၁၆ လက်မ= ၁မိုင်စကေး မြေပုံများကို အသုံးပြုဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း။

၆၄ လက်မ= ၁ မိုင်စကေးဖြင့် မတိုင်းတာရသေးသော မြို့များကို တိုင်းတာဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းအင်အား ထပ်မံခန့်ထားခွင့်ရရှိမှုနှင့် ရန်ပုံငွေခွဲဝေရရှိမှုတို့အပေါ်မူတည်၍ မြေပြင်တိုင်းတာခြင်းနှင့် ၆၄ လက်မ= ၁မိုင်စကေးမြေပုံရရှိရေး ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်းနှင့် မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန်တို့၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍဆိုင်ရာမေးခွန်းများကိုလည်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက တင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ကလေးသူငယ်များ ကျူးလွန်ခံရသည့်မှုခင်းများ လျော့နည်းကျဆင်းပပျောက်ရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၏ လမ်းဘေးလေလွင့်ကလေးသူငယ်များ ဘဝလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပညာသင်ကြားရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် မှတ်ပုံတင်ရရှိရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးနှင့် လူငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ လူငယ်သင်တန်းကျောင်း ၁၀ ကျောင်း ဖွင့်လှစ်ပြီး လေလွင့်ကလေးသူငယ်များ၊ လမ်းပေါ်နေကလေးများ၊ ကလေးသူငယ်တရားရုံးမှ အမိန့်ချမှတ်၍ အကျင့်စာရိတ္တပြုပြင်ရန် ပို့အပ်လာသည့် ကလေးများ၊ ကလေးသူငယ်တရားရုံးတွင် ပြစ်မှုရင်ဆိုင်ဆဲကလေးများ၊ ကလေးသူငယ်ဥပဒေပုဒ်မ(၃၂) အရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သူများအားလက်ခံ၍ အခြေခံစားဝတ်နေရေး ဖြည့်ဆည်းပေးခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဝန်ထမ်း နည်းလမ်းများဖြင့် ဆောင်ရွက်ပေးခြင်း၊ အတန်းပညာ၊ သက်မွေးပညာများ သင်ကြားပေးခြင်းနှင့် သင်ကြားနိုင်ရေးအတွက် ချိတ်ဆက်ပေးခြင်း၊ မှတ်ပုံတင်ရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ကလေးသူငယ်များ အပေါ်တွင် အများဆုံးကျူးလွန်ခံရသည့် သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ ကျူးလွန်သူများအား ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကလေးသူငယ်များ ကျူးလွန်ခံရသည့်မှုခင်းများ လျော့နည်းကျဆင်းပပျောက်ရေးအတွက် အစီအမံများလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ အခန်း(၂၈) ပုဒ်မ(၁၃၈)ကို မည်သူမဆို ကလေးသူငယ်အား မုဒိမ်းမှုကျူးလွန်သူကို အနည်းဆုံး ထောင်ဒဏ်(၁၀)နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြင်ဆင်ထားသည့်အပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှလည်း ကလေးသူငယ်မုဒိမ်းမှုပြစ်ဒဏ်အား ယခုထက်အမြင့်ဆုံးပြစ်ဒဏ်ချမှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနရှိ မိဘမဲ့ကလေးပြုစုစောင့်ရှောက်ရေး သင်တန်းကျောင်းများမှ ကလေးများ၊ တရားဝင်အသိအမှတ်ပြု ပရဟိတဘုန်းတော်ကြီးကျောင်းများနှင့် ပုဂ္ဂလိကကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး၊ မိဘမဲ့ကလေးဂေဟာများမှ တိုင်းရင်းသားမိဘမဲ့ကလေးသူငယ်များနှင့် အခြားစောင့်ရှောက်ထားသော ကလေးများအား တည်ဆဲညွှန်ကြားချက်နှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် သက်ဆိုင်ရာကျောင်းအုပ်၊ တာဝန်ခံဆရာတော်၊ ဂေဟာတာဝန်ခံအသီးသီးတို့က အမည်စာရင်းဖော်ပြ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် အုပ်ထိန်းသူအဖြစ် ဖြည့်သွင်းပေးလျက်ရှိပါကြောင်း။

လူငယ်များနှင့် ကလေးသူငယ်များတွင် ဆေးလိပ်၊ ကွမ်း၊ အရက်၊ ကော်ဘူး၊ မူးယစ်ဆေးဝါးအန္တရာယ်မှာ ပြန့်ပွားနေပါသဖြင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် လေလွင့်ကလေးငယ်များ၊ လမ်းပေါ်နေကလေးများ၊ တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများ လျော့နည်းပပျောက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ NGOs၊ INGOs များ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရှေ့ပြေးစီမံချက်ရေးဆွဲပြီး အရွယ်မတိုင်မီ အလုပ်လုပ်ကိုင်နေသည့် ကလေးများအတွက် လိုအပ်သော ကျောင်းပြင်ပပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ပေးခြင်းနှင့် အားလပ်ချိန်တွင် အသက်မွေးဝမ်းကျောင်းပညာသင်ကြားခြင်းတို့ကို ကနဦးစီမံချက်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

လေလွင့်ကလေးသူငယ်များအား နောက်ကွယ်မှ ကြိုးကိုင်နေသူများကို ဖော်ထုတ်၍ ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း၊ အမှန်တကယ် မိဘစားဝတ်နေရေးအဆင်မပြေ၍ မိဘများနှင့်အတူ တစ်ဖက်တစ်လမ်းမှ အလုပ်လုပ်ကိုင်လိုသည့် အသက်အရွယ်ပြည့်မီသည့် ကလေးများကို အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပေးခြင်း၊ အလုပ်အကိုင်ရရှိသည်အထိ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အခမဲ့ဆေးဝါးကုသခြင်း၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပံ့ပိုးခြင်းတို့ကို ရွှေ့လျားစောင့်ကြည့်အဖွဲ့များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ လမ်းမှားမရောက်စေရန်နှင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုနိုင်ရန်၊ နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်နိုင်ရန်တို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဝင်းအောင်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ကို မြန်မာ - အိန္ဒိယ နယ်စပ်အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် သတ်မှတ်ပြီး ကမ္ဘာလှည့်ခရီးသည်များ ဝင်/ထွက်ခွင့်ပြုရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာ - အိန္ဒိယနယ်စပ် တမူး - မိုးရေး ဝင်/ထွက်ပေါက်အပါအဝင် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက် မဟုတ်သော နယ်စပ်ဝင်/ထွက်ပေါက်များမှ ဝင်ရောက်လိုသူများအား သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြပြီး ခွင့်ပြုချက် တောင်းခံပါကြောင်း၊ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် နယ်စပ်ဝင်/ထွက်ပေါက်ကို ခွင့်ပြုပေးပါကြောင်း၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် နှစ်နိုင်ငံအဆင့်ဆင့် အပြန်အလှန်ညှိနှိုင်းဆဲဖြစ်ပါကြောင်း၊ တမူးမြို့ကို မြန်မာ-အိန္ဒိယနယ်စပ် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုပြီး နယ်စပ်ဝင်/ထွက်ပေါက်အဖြစ် တရားဝင်သတ်မှတ်ပြီးမှသာ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်သွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဇယ်ခေါင်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေတင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေးတို့၏ ပညာရေးကဏ္ဍ၊ စစ်ရှောင်စခန်းများနှင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နိုဝင်ဘာ ၂၉ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# လမြတ်နတ်တော်နှင့် စာဆိုတော်နေ့

## ဒေါက်တာအောင်သန်းဝင်း (အရှေ့တိုင်းပညာ)

နတ်တော်လသည် မြန်မာ့ပြက္ခဒိန်၏ နဝမမြောက်လဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ကျော် နတ်တော်လဆန်းသည်နှင့် တစ်မိုးကုန်၍ တစ်ဆောင်းသစ်ပြီဖြစ်သည်။ ထို့ကြောင့် ဆောင်းရာသီဝင်ရောက်စဖြစ်၍ နံနက်ခင်းတွင် ဆီးနှင်းများဖြင့် ရီဝေလျက်ရှိသည်။ မိုးရာသီကုန်ဆုံးသော်လည်း မိုး၏အရှိန်အဝါများကား ကျန်ရှိနေသေးသည်။ ထို့ကြောင့် ရှေးတောင်သူဦးကြီးများက "နတ်တော်ရောက်ငြား မိုးသားမငြိမ်၊ ဆင်ရာတိမ်" ဟု မိုးလက္ခဏာဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။ ကောင်းကင်တစ်ခို အညို၊ အပြာ၊ အမည်း အကန့်လိုက်၊ အကန့်လိုက် တိမ်ထပ်ကြီးများ ဆင့်နေသော်လည်း မိုးမရွာသောကြောင့် "မိုးသားမငြိမ် ဆင်ရာတိမ်" ဟု စာဖွဲ့ခြင်းဖြစ်သည်။

ပုဂံခေတ်ကျောက်စာများတွင် နတ်တော်လကို "နတ္တာဝ်၊ နတ်ထာဝ်၊ နတ္ထဝ်၊ နတ်တဝ်" ဟု အမျိုးမျိုးရေးထိုးကြသည်။ ဗေဒင်အခေါ်အားဖြင့် ဓနုရာသီဟုခေါ်သည်။ ရာသီရုပ်မှာလေးဆွဲသော ယောက်ျားသဏ္ဌာန်ဖြစ်၏။ လေးဆွဲသော ယောက်ျားတို့ ကြိုက်နှစ်သက်သောရာသီဟု ဆိုလိုသည်။ ဂမုန်းပင်နှင့် သဇင်ပန်းတို့သည် ထိုလ၏ ရာသီပန်းများဖြစ်၏။ သဇင်ပန်းများသည် သစ်ပင်များပေါ်၌သာပေါက်လေ့ရှိသောကြောင့် 'နတ်ပန်း' ဟု မြန်မာတို့က အယူရှိကြသည်။ ထိုပန်းသည် တောတွင်း၌ပွင့်သော တော်ဝင်ပန်းလည်းဖြစ်သည်။

နတ်တော်လသည် ရာသီအားဖြင့် ဓနုရာသီဖြစ်ပြီး စန်းယှဉ်နက္ခတ်မှာ မိဂသီနက္ခတ်ဖြစ်သည်။ ရာသီရုပ်မှာ ရှေ့ထက်ဝက်ကား လေးစွဲသောယောကျ်ားသဏ္ဌာန်၊ နောက်ထက်ဝက်ကား မြင်းခြေသဏ္ဌာန်ရှိသည်။ ရာဇမတ္တဏ်ကျမ်းတွင် တနင်္ဂနွေဂြိုဟ်ပြီးစွာ၌ တည်စဉ် ကြတ္တိကာ နက္ခတ်၌ နတ်ပူဇော်ရာသည်ဟု ဆိုသည်။ ဤလကို ရှေးအခါက မဟာပိန္နဲနတ်ကိုပူဇော်ရာလဖြစ်၍ "နတ်လ" ဟုလည်း ခေါ်ဆိုကြသည်။ တရားကို "တရားတော်" သံဃာကို "သံဃာတော်" ဟုခေါ်ဆိုကြသကဲ့သို့ နတ်လကိုလည်း "နတ်တော်လ" ဟု ခေါ်ဆိုဟန်ရှိသည်။

ထို့ပြင် ရှေးပဝေသဏီက လူများသည် နတ်များကို ပူဇော်ပသလေ့ရှိသောကြောင့် ဤလကို 'နတ်တော်လ' ဟု ခေါ်ဝေါ်ဟန်လည်းရှိသည်။ နတ်ဟူသော ဝေါဟာရသည် ပါဠိဘာသာ 'နာထ'မှ ဆင်းသက်လာသော ပါဠိသတ်ဝေါဟာရဖြစ်ပြီး 'ကိုးကွယ်ရာ'ဟု အဓိပ္ပာယ်ရသည်။ 'တော်' ဟူသော ပေါရာဏသည် 'အရှင်၊ သခင်၊ ကြီးကဲသူ၊ မြင့်မြတ်သူ' ဟု အဓိပ္ပာယ်ရသည်။ 'သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ရွှေသဲကြည်ငင်. . . 'ဟူသော ဦးအောင်ကြီး၏ ဆယ်နှစ်ရာသီလူးတားကို ထောက်ဆ၍ ကမ္ဘာဦးက နတ်တော်လတွင် မဟာပိန္နဲနတ်မင်းကို ပူဇော်လေ့ရှိသည်ဟု ဖွင့်ဆိုနိုင်ပါသည်။

နတ်တော်လတွင် ရှေးယခင်က နတ်ပွဲများကျင်းပသည့် အကြောင်းကို မဟာအတုလမင်းကြီး၏ လွမ်းချင်းတွင် "ဇေယျပြဟ္မာ၊ ဟေမန္တာမို့၊ မဟာပိန္နဲ၊ နတ်မင်းပွဲမှာ၊ ကျွေးမြဲပူဇော် လနတ်တော်" ဟု ပါရှိရာ မဟာပိန္နဲနတ်ကို ပူဇော်ရာလအဖြစ် မှတ်သားနိုင်ပေသည်။ ကင်းဝန်မင်းကြီးကလည်း "ဓနုမှာလေးကိုင် ရောင်ပြိုင်နွဲ့လို့ ပိန္နဲနတ်ဂြိုဟ် မိဂသိုရ် သဇင်က မွှေးချို" ဟု ဖွဲ့ပါသည်။ စာဆိုနှစ်ဦးစလုံး ဖွဲ့ဆိုသော မဟာပိန္နဲနတ်ပူဇော်ပွဲမှာ နတ်တော်လတွင် ကျင်းပသည့် အစဉ်အလာရှိကြောင်း ထင်ရှားပေသည်။ ထို့ပြင် တလုတ်မြို့စား သခ်ယာကလည်း မဟာဥပရာဇ်ချေင်းတွင် 'ဒွါဒသရ၊ ဆယ့်နှစ်လဝယ်၊ ဒေဝနတ်များ၊ ပျော်ပါးကဲဆ၊ လွန်ရွှင်ပြ၍၊ နတ်လတွင်ရှင့်' ဟု စပ်ဆိုထားပါသည်။ နတ်များပျော်ပါးမြူးထူးကြသည့် လဟု ဖွင့်ဆိုနိုင်ပါသည်။

နတ်တော်လသည် တိုင်းပြည်၏ ဝမ်းစာကို ဖြည့်ဆည်းပေးသော တောင်သူကြီးများ၏ "ကောက်သစ်စားပွဲလ"လည်း ဖြစ်သည်။ "နတ်တော်လရောက် ကောက်ဆွပေါက်"ဟူသော ဆိုရိုးအတိုင်း ရရှိလာသော ကောက်ညှင်းစပါးများကို မုန့်ဆန်းပြုလုပ်ကာ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဦးဒါန လှူဒါန်းလေ့ရှိပြီး ရပ်ကွက်အတွင်း ဝေငှခြင်းဖြင့် မြန်မာတို့၏ သဒ္ဒါနှင့် သွေးစည်းညီညွတ်မှုကို ကောက်သစ်စားပွဲဓလေ့မှ ပြဆိုသည်။

ရှေးမြန်မာဘုရင်များလက်ထက်က နတ်တော်လတွင် နတ်ပူဇော်ပွဲကိုသာမက ဆင်ဖမ်းပွဲနှင့် ဘွဲ့ထူး၊ ဂုဏ်ထူးများ ပေးအပ်ချီးမြှင့်သည့် ဘွဲ့နှင်းသဘင်ပွဲ ကိုလည်း ခမ်းခမ်းနားနားကျင်းပလေ့ရှိသည်။ တောင်ငူခေတ် စာဆိုတော်မင်း ဇေယျရန္တမိတ်က စုလစ်ရွှေစင်ချီရတုတွင် 'နတ်လသဘင်၊ ဖျင်လည်းရုံထက်၊ ဘွဲ့တက်မည်ပေး၊ ဘုန်းရေးတိုက်ဖက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရှူနန်းရတုကို' ဟု ဆိုခဲ့သည်ကို ထောက်သော် ထိုပွဲများသည် တောင်ငူခေတ် ကပင်ရှိခဲ့ကြောင်း ထင်ရှားသည်။

ဆင်ဖမ်းပွဲအကြောင်းကို ရှေးပညာရှိကြီးများ၏ ပျို့၊ ကဗျာ၊ လင်္ကာတို့၌ မတွေ့ရှိရသဖြင့် ထိုပွဲမှာ ပြည်သူလူထုစိတ်ဝင်စားသော ပွဲမျိုးဟုတ်ဟန်မတူဟု ယူဆရပါသည်။ ထိုပွဲအကြောင်းကို 'ဝရသေတဂီရိဆင်တော်မော်ကွန်း'နှင့် 'ရွှေစာတိုင်မော်ကွန်း'တို့၌ ကျယ်ကျယ်ဝန်းဝန်းပါရှိပါသည်။

မြန်မာဘုရင်တို့သည် နိုင်ငံတော်တွင် စစ်ဘက်၊ စာပေဘက်တို့၌ ထူးချွန်သည့် ပညာရှင်များနှင့် မင်းညီမင်းသား၊ မှူးမတ်များအား ဘွဲ့ထူး၊ ဂုဏ်ထူးများကို အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်လေ့ရှိကြသည်မှာ ယခုအချိန်အထိဖြစ်သည်။ ယင်းဘွဲ့နှင်းသဘင်ပွဲမျိုးကား နိုင်ငံတော်တွင် စစ်သူရဲကောင်း၊ စာပေသူရဲကောင်း စသည်ဖြင့် လူရည်ချွန်၊ လူရည်မွန်များ အဘက်ဘက်က ထွက်ပေါ်လာအောင် ဖန်တီးပေးသဖြင့် တိုင်းပြည်အတွက် အလွန်ကျေးဇူးများသော ပွဲတော်မျိုးဖြစ်သည်။




> ၂၁ရာစုတွင် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် အသိပညာ၏ အရေးပါမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိမြင်နိုင်ရန်၊ လူ့စွမ်းအားအရင်းအမြစ်များ မြင့်မားရန်၊ တတ်သိပညာရှင်များ မွေးထုတ်ပေးနိုင်ရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်၊ ဉာဏကို အခြေခံသော လူမှုအဖွဲ့အစည်းများ အားကောင်းမောင်းသန်ပေါ်ပေါက်လာစေရန် ကြိုးပမ်းနေချိန်တွင် စာဆိုတို့၏ အကျိုးပြုစာပေရေးသားမှုသည် အဓိကအခန်းမှပါဝင်နေ . . .

မြန်မာစာဆိုပညာရှင်ကြီးများနှင့် ပတ်သက်၍ စစ်တမ်းထုတ်ကြည့်လျှင် ပုဂံခေတ်တွင် အနန္တသူရိယ အမတ်ကြီး၊ ပင်းယခေတ်တွင် စတုရင်္ဂဗလမင်းကြီး၊ အင်းဝခေတ်တွင် ရှင်မဟာရဋ္ဌသာရ၊ ပေလေးပင်ရှင်လေးပါးဟု ထင်ရှားခဲ့ကြသည့် ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်ခေမာနှင့် ရှင်မဟာသီလဝံသတို့ဖြစ်ကြသည်။ အင်းဝခေတ်နောက်ပိုင်းတွင် ကန်တော်မင်းကျောင်းဆရာတော်၊ ညောင်ရမ်းခေတ်တွင် တောင်ဖီလာဆရာတော်၊ ကုန်းဘောင်ခေတ်တွင် ဆရာတော်ဦးဗုဓ်၊ ကျည်းကန်ရှင်ကြီး၊ ဦးသြဘာသ ဆရာတော်၊ ရတနာပုံခေတ်တွင် သင်္ဂဇာဆရာတော်၊ ဗြိတိသျှခေတ်တွင် လယ်တီဆရာတော်ဘုရားကြီး၊ မန်လည် ဆရာတော်ဘုရားကြီး၊ မဟာဂန္ဓာရုံဆရာတော်၊ လွတ်လပ်ရေးရပြီးခေတ်တွင် မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသတို့သည် ကျော်ကြားထင်ရှားသော စာဆိုတော်ကြီးများဖြစ်ကြသည်။

ယခုခေတ်တွင် နတ်တော်လသည် စာပေပညာရှင်များ၊ စာဆိုတော်များ၊ စာရေးဆရာများနှင့် ပို၍သက်ဆိုင်လာသည်။ စာဆိုတော်နေ့ မပေါ်ပေါက်မီ 'ဦးပုည' နေ့စတင်ပေါ်ပေါက်ခဲ့ပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် အလွန်ထင်ရှားသည့် စာဆိုတော်ကြီး 'ဦးပုည' ကို ချီးကျူးဂုဏ်ပြုသည့် 'ဦးပုည'နေ့ကို ၁၃၀၆ခု ကဆုန်လဆန်း ၁၃ ရက်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ကျင်းပခဲ့ကြသည်။

တစ်ဖန် ဦးပုညနေ့အစား မြန်မာ့စာဆိုတော်နေ့ တစ်နေ့ ရွေးချယ်သတ်မှတ်ရန် ပညာရှင်ကြီးများ စဉ်းစားဆွေးနွေးကြပါသည်။ ဆရာကြီးဦးလင်းက အသွားအလာခက်သည့် မိုးရာသီတွင် မပြုလုပ်ရန် အကြံပြုသည်။ ဂျာနယ်ကျော် ဦးချစ်မောင်က ရှေးအစဉ်အလာရှိသည့်အတိုင်း နတ်တော်လ၏ နေ့တစ်နေ့အား စာဆိုတော်နေ့အဖြစ် ရွေးချယ်သင့်သည်ဟု အဆိုပြုသည်။ ထိုစဉ်က စာရေးဆရာအသင်းဥက္ကဋ္ဌ သူရိယဦးသိန်းမောင်က ထောက်ခံ၍ နတ်တော်လဆန်း ၁ ရက်နေ့ကို မြန်မာ့စာဆိုတော်နေ့အဖြစ် သတ်မှတ်ရန် ပညာရှင်များက တညီတညွတ်တည်း အတည်ပြုကြသည်။ သို့နှင့် စာဆိုတော် နေ့အခမ်းအနားကို ၁၃၀၆ ခု နတ်တော်လဆန်း ၁ ရက်နေ့ (၁၉၄၄ ခု နိုဝင်ဘာလ) ညနေပိုင်းတွင် ကန်တော်ကြီးစောင်းရှိ "မြိုင်" ပြဇာတ်ရုံ၌ ပထမအကြိမ်စာဆိုတော်နေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့ပါသည်။

ယနေ့အချိန်အခါတွင် နတ်တော်လဆန်း ၁ ရက်နေ့ သာမကဘဲ တစ်လလုံး၊ နိုင်ငံအနှံ့၊ ကျေးရွာများအပါအဝင် စာပေဟောပြောပွဲများဖြင့် စည်ကားနေပေသည်။ စာပေဟောပြောပွဲများ ပေါ်လာခြင်းကြောင့် စာပေနှင့် ပတ်သက်သူများ၊ စာပေဝါသနာရှင်များသာမက ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ စာရေး၊ စာချီ၊ အမှုထမ်း၊ အရာထမ်းအားလုံး ဗဟုသုတ၊ အကြားအမြင်များ တိုးပွားလာကြသည်။ စာပေလေ့လာဖတ်ရှုမှုများ ကျယ်ပြန့်လာသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနကလည်း တစ်နိုင်ငံလုံး ကျေးရွာများပါမကျန် စာကြည့်တိုက်များ ဖွင့်လှစ်၍ စာဖတ်ရှိန်မြှင့်တင်ပေးနေပါသည်။ သဇင်ပွင့်ပေါ် လနတ်တော်တွင် စာဆိုတော်ပွဲကျင်းပခြင်းသည် ပို၍အနှစ်သာရရှိသွားပါသည်။

၁၉၆၉ ခုနှစ်တွင် ပုံနှိပ်ပြီးစာအုပ်များကိုသာ အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ချီးမြှင့်သည့် စနစ်ပြောင်းလဲခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ခြင်းမပြုရသေးသည့် စာပေပညာရှင်များ၏ စာကောင်းပေမွန်များကို စာအုပ်အဖြစ် ပေါ်ထွက်လာစေရန် စာပေဗိမာန်စာမူဆုကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် စာပေဗိမာန်စာမူဆုကို ၁၉၆၉ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုအခါ ဘာသာရပ် ၁၃မျိုးအထိ တိုးချဲ့ချီးမြှင့်ပေးလျက်ရှိသည်။ စာပေဗိမာန်စာမူဆုရ စာအုပ်များမှ ဆက်လက်ပြီး အမျိုးသားစာပေဆု ဆွတ်ခူးနိုင်မှုများလည်းရှိနေရာ စာပေဗိမာန်စာမူဆု၏ အရည်အသွေးမှာလည်း မနိမ့်ကျလှပေ။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ အားထုတ်ပြုစုရေးသားခဲ့ကြသော စာပေပညာရှင်များ၏ ဆောင်ရွက်




ချက်များကို နိုင်ငံတော်က အသိအမှတ်ပြု၍ နှစ်စဉ် အမျိုးသား စာပေတစ်သက်တာဆုများ၊ အမျိုးသားစာပေဆုများ၊ စာပေဗိမာန်စာမူဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်လျက်ရှိသည်။ ဆုရရှိသူ စာပေပညာရှင်များကို နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ခမ်းနားထည်ဝါစွာဖြင့် ကျင်းပပေးသည်။ ထို့ပြင် နတ်တော်လတွင် ဝါရင့်သက်ကြီး စာပေပညာရှင်များကို ပူဇော်ကန်တော့သည့်ပွဲများကိုလည်း နိုင်ငံအနှံ့ကျင်းပကြသည်မှာ ကြည်နူးဝမ်းမြောက်ဖွယ်ရာ ကောင်းလှပေသည်။

စာဆိုများသည် အများပြည်သူအကျိုးအတွက် ကလောင်စွမ်းဖြင့် ဆတက်ထမ်းပိုးသယ်ပိုးနေကြသူများဖြစ်သည်။ ၂၁ရာစုတွင် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် အသိပညာ၏ အရေးပါမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိမြင်နိုင်ရန်၊ လူ့စွမ်းအားအရင်းအမြစ်များမြင့်မားရန်၊ တတ်သိပညာရှင်များ မွေးထုတ်ပေးနိုင်ရန် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်၊ ဉာဏကိုအခြေခံသော လူမှုအဖွဲ့အစည်းများ အားကောင်းမောင်းသန်ပေါ်ပေါက်လာစေရန် ကြိုးပမ်းနေချိန်တွင် စာဆိုတို့၏ အကျိုးပြုစာပေရေးသားမှုသည် အဓိကအခန်းမှ ပါဝင်နေသည်။

မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်နေချိန်၊ နိုင်ငံတကာနှင့် တန်းတူရည်တူ ပခုံးချင်းယှဉ်ရင်ပေါင်တန်းနိုင်ရန် လုပ်ဆောင်နေချိန်တွင် အဓိကအရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်မှာ တိုင်းရင်းသားမိဘပြည်သူတစ်ရပ်လုံး၏ အသိပညာဖွံ့ဖြိုးတိုးတက်ရန်၊ သတင်းအချက်အလက်များကို တန်းတူညီမျှ စုံစုံလင်လင်ရရှိစေရန်၊ ပြည်နယ်နှင့် ပြည်မ၊ ကျေးလက်နှင့် မြို့ပြကြား အသိပညာကွာဟချက်များ ကျဉ်းမြောင်းစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ဤနေရာ၌ စာပေပညာရှင်များ၏ အသိပညာပေးဝေမှုအခန်းကဏ္ဍသည် လွန်စွာအရေးပါအရာရောက်ပေသည်။ ထို့ကြောင့် နိုင်ငံသားများ၏ အသိပညာကို စာပေပညာရှင်များ၏ စွမ်းဆောင်ကြိုးပမ်းမှုဖြင့် ဝေမျှပေးရန် အထူးလိုအပ်ပေသည်။ အသိပညာသည် စွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်းများအတွက် ပိုမိုကြီးထွားရှင်သန်စေမည့် အကျိုးရလဒ်များကို ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အသိပညာကိုမျှဝေခြင်းသည် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံတစ်ခုအတွက် နောင်လာနောက်သားများ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနိုင်စေရန် လမ်းခင်းပေးခြင်းဖြစ်သည်။ ထို့ကြောင့် စာဆိုများ၏ စွမ်းဆောင်ရေးသားမှုသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော ကဏ္ဍမှပါဝင်ပေသည်။ ဓားသွားထက် ကလောင်သွားထက်ဟူသော စကားပုံအတိုင်းဖြစ်သည်။

မြန်မာ့သမိုင်းတစ်လျှောက် စာပေပညာရှင်များအပါအဝင် နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်ခဲ့သူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် အမျိုး၊ ဘာသာ၊ သာသနာနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ယနေ့ထိ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခြင်းဖြစ်သည်။ စာပေသည် အမျိုးသားယဉ်ကျေးမှု အနုပညာအရပ်ရပ်ကို ရှင်သန်ဖွံ့ဖြိုးစေသော ရေသောက်မြစ်ပင်ဖြစ်သည်။ ထို့ပြင်စာပေသည် မှန်ကန်သော အတွေးအခေါ် အယူအဆ ဗဟုသုတများလည်း ပေးစွမ်းနိုင်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ဟု ခေါ်ဆိုရမည့် ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ရှင်သန်တက်ကြွစေနိုင်သည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်ပေးနိုင်သည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားအကျိုးစီးပွားကို များစွာအထောက်အကူဖြစ်စေပါသည်။ ထို့ကြောင့်လည်း စာပေပညာရှင်ကြီးများ၏ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုစာပေများ ရေးသားထုတ်ဝေမှုများအပေါ် နိုင်ငံတော်အစိုးရက အားပေးဂုဏ်ပြုနေခြင်းဖြစ်သည်။ ဤမျှကျေးဇူးကြီးမားသော စာဆိုတော်၊ စာရေးဆရာများအား ဤဆောင်းပါးဖြင့် ချီးကျူးဂုဏ်ပြုလိုက်ရပေသည်။ ။

# ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့(နဝမမြောက်နေ့)တွင် ကျောက်စိမ်းအတွဲအမှတ်(၅၉၂၃)မှ (၅၉၅၇)အထိ အတွဲပေါင်း ၃၅ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးခဲ့သည်။



အဆိုပါ ကျောက်စိမ်းအတွဲ ၃၅ တွဲအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာတွင် ဝယ်ယူသူများ အဆင်ပြေစေမှုရှိစေရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကြီးကြပ်ကူညီဆောင်ရွက်ပေးကြသည်။

ယခုပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၄၃၉ တွဲတွင် ၄၄ တွဲ ရောင်းချခဲ့ရပြီး ကျောက်စိမ်းအတွဲပေါင်း ၅၉၈၈ တွဲကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချရာ နိုဝင်ဘာ ၂၆ ရက်အထိ ကျောက်စိမ်းအတွဲ ၃၀၀၈ တွဲ ရောင်းချခဲ့ရကြောင်း သိရှိရသည်။

ပြပွဲ ဒသမနေ့(နောက်ဆုံးနေ့)တွင်လည်း ကျောက်စိမ်းအတွဲ ၃၁ တွဲကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျင်းပသော "အဆင့်မြင့်မြို့တော်တည်ဆောက်ဖို့ စည်းကမ်းကိုယ်စီလိုက်နာစို့" ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု(၁)နှင့် နှစ်သိမ့်ဆု(၂)ရရှိသူများကို ဆုများချီးမြှင့်ကြသည်။

"လူတိုင်းလူတိုင်း အဆင့်မြင့်မြို့တော်တည်ဆောက်ဖို့အတွက် စည်းကမ်းရှိဖို့လိုပါတယ်။ စည်းကမ်းရှိမှ လျင်မြန်စွာတည်ဆောက်နိုင်မှာပါ။ စည်းကမ်းဆိုတာ အများကြီးရှိတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အမှိုက်ပစ်တာကအစ တစ်ဦးချင်းလိုက်နာသင့်ပါတယ်"ဟု ပန်းချီ(လက်တွေ့)တွင် ဒုတိယ၊ ကာတွန်း(ပေးပို့)တွင် ဒုတိယနှင့် သရုပ်ဖော်ပိုစတာ(ပေးပို့)ပြိုင်ပွဲတွင် ပထမဆုအသီးသီး ရရှိသူ အထက(၂)စမ်းချောင်းမှ အဌမတန်းကျောင်းသူ မပွင့်နေခြည်မြင့်က ပြောသည်။



အဆိုပါ ပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်တွင် ၃၈၁ ဦးရှိပြီး ယှဉ်ပြိုင်ခဲ့သည့် ရုပ်ပုံကားချပ်ပေါင်း ၅၇၇ ခုရှိသည်။ အထက်တန်း၊ တက္ကသိုလ်၊ အလွတ်တန်းအဆင့်တွင် ၁၄၇ ဦးရှိပြီး ယှဉ်ပြိုင်သည့် ရုပ်ပုံကားချပ် ၂၆၆ ခုရှိသည်။ ဆုအရေအတွက် စုစုပေါင်း ၉၀ ကို ရွေးချယ်ကြောင်း သိရသည်။ **(ဇာနည်မောင်)**

# အပင်များ၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုဆိုင်ရာစောင့်ကြည့်လေ့လာမည့် စီမံကိန်းမိတ်ဆက်

**မန္တလေး နိုဝင်ဘာ ၂၈**

အပင်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့ အစိတ်ပိုင်းများ တရားမဝင်ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စောင့်ကြည့်လေ့လာမည့်စီမံကိန်း မိတ်ဆက်ပွဲကို နိုဝင်ဘာ ၂၈ရက် နံနက် ၉ နာရီက မန္တလေးမြို့ ဟိုတယ်မန္တလေးစံပယ်ဖြူခန်းမ၌ ကျင်းပသည်။

အပင်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့ အစိတ်အပိုင်းများ တရားမဝင်ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စောင့်ကြည့်လေ့လာမည့် စီမံကိန်း မိတ်ဆက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးဦးမျိုးသစ်က အဖွင့်အမှာစကားပြောကြားပြီး သဘာဝပတ်ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) ဌာနေစီမံကိန်း ဒါရိုက်တာဦးသန်းမြင့်တို့က မြန်မာနိုင်ငံအတွင်း တောရိုင်းတိရစ္ဆာန်နှင့် အပင်များတရားမဝင်ကူးသန်းရောင်းဝယ်နေမှု အခြေအနေများကို တင်ပြကြသည်။

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါး၊ လက်နက်ကုန်ကူးမှုပြီးလျှင် အများဆုံးတရားမဝင်ရောင်းချခြင်းသည် တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့၏ အစိတ်အပိုင်းများဖြစ်သည်။ တောရိုင်းတိရစ္ဆာန်နှင့် ယင်းတို့ အစိတ်အပိုင်းမှောင်ခိုကူးသန်းရောင်းဝယ်မှုများကို ကမ္ဘာလုံးဆိုင်ရာ ငွေကြေးလည်ပတ်မှုအနေဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့်ရှိနိုင်ကြောင်း INTERPOL က ထုတ်ပြန်ထားသည်။ ထိုကဲ့သို့ တရားမဝင်ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ၏ လမ်းကြောင်းမှာပါဝင်ဆောင်ရွက်နေသောဒေသထဲတွင် မြန်မာနိုင်ငံပါဝင်ကြောင်းလည်း ဖော်ပြထားသည်။

တောရိုင်းတိရစ္ဆာန်နှင့် အစိတ်အပိုင်းများအား အမဲလိုက်သတ်ဖြတ်ခြင်း၊ တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းများကို မြန်မာနိုင်ငံအတွင်းတွင် သစ်တောဦးစီးဌာနနှင့် ဆက်စပ်ဌာနများပူးပေါင်းပြီး ဖမ်းဆီးအရေးယူမှုများ၊ အသိပညာပေးခြင်းများကို ဆောင်ရွက်နေသလို နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် တရားမဝင်ကူးသန်းရောင်းဝယ်မှုအများဆုံးနှင့် နယ်စပ်ဖြတ်ကျော်မှုများကို မန္တလေး-မူဆယ် ကားလမ်းတွင် စီမံချက်တစ်ခုအသွင်နှင့် စတင်တားဆီးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အဆင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကူးသန်းရောင်းဝယ်နေမှုများကို ဥပဒေအရထိရောက်စွာတားဆီးနှိမ်နင်းရေးအဖွဲ့ (National Wildlife Law Enforcement Task Force) က လုပ်ငန်းစီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၀၂)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဇော်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးရဲနိုင် | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |

# မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော် မန်းချောင်းအတွင်း သင်ပုတ်ပလ္လင်တစ်ခု တွေ့ရှိ

**မင်းဘူး နိုဝင်ဘာ ၂၈**

မန်းရွှေစက်တော်ဘုရားပွဲအတွက် နိုဝင်ဘာ ၂၆ ရက်က သောင်ပြင်ဆင်ရေးလုပ်ရာမှ မြေထိုးစက်များဖြင့် မြေများသယ်ပို့စဉ် မန်းရွှေစက်တော် ရဲကင်းတည့်တည့် သောင်ပြင်အလယ်မှ အမရပူရခေတ် သင်ပုတ်ပလ္လင်တစ်ခု တွေ့ရှိရကြောင်း သိရသည်။

အဆိုပါသင်ပုတ်ပလ္လင်မှာ သဲကျောက်ကို ထုလုပ်ထားပြီး အမြင့် ၁၈ လက်မ၊ လုံးပတ် ၃၈ လက်မနှင့် အချင်း ၁၈ လက်မရှိကြောင်းသိရသည်။ အောက်စက်တော်ရာမှာ ယခင်က ထားရှိခဲ့သည်ဟု ယူဆရပြီး ရေစီးနှင့် နစ်မြုပ်ခဲ့ရာမှ ယခုလိုတူးဖော်တွေ့ရှိရကြောင်း သိရသည်။

၁၁၈၂ ခုနှစ် ဝန်းကျင်က သဲကျောက်ကို ထုလုပ်ထားသော ဆင်ရုပ်ခံမီးတိုင်များ၊ ကျောက်ထီးအစအနများကိုလည်း ၂၀၁၃ ခုနှစ်က ရွှေစက်တော်သောင်ပြင်မှာ တွေ့ရှိ၍ သိမ်းဆည်းထားကြောင်း သိရသည်။ ထို့ပြင် ၂၀၀၉ ခုနှစ်က ဘုရားပွဲတော်အချိန်တွင် ရေငုပ်သမား ကိုဆင်ပေါက်နှင့်အဖွဲ့တို့ မန်းချောင်းအတွင်း ရေငုပ်ရာမှ လူ လေးဦးခန့် မယူရလောက်သည့် သဲကျောက်သပိတ်ကြီးတစ်လုံးကိုလည်း တွေ့ရကြောင်းသိရသည်။

"အခု တွေ့ရတဲ့ သင်ပုတ်ပလ္လင်က ခြေတော်ရာကို ပူဇော်ဆွမ်းကပ်လှူပြီး ဆွမ်းတွေစွန့်ဖို့ ပြုလုပ်ထားတဲ့ ပလ္လင်ဖြစ်ပါတယ်။ အရင်တွေ့ရှိခဲ့တဲ့ပစ္စည်းတွေနဲ့အတူ ရွှေစက်တော် ရှေးဟောင်းပစ္စည်းစာရင်းမှာ ထည့်သွင်းပြီး အများပြည်သူ ဘုရားဖူးတွေ လေ့လာနိုင်ဖို့ ပြသထားပါမယ်"ဟု သမိုင်းသုတေသီ ဂေါပက ဦးကျော်စိန်ဝင်းက ပြောသည်။

**သန်းဌေး(မင်းဘူး)**





# ကျောက်တံခါးမြို့နယ် ကျေးလက်ကုန်ထုတ်လမ်းပိုင်းမှ တံတားတစ်စင်းပြိုကျပျက်စီး၍ အမြန်ပြုပြင်ပေးနိုင်ရေး ဒေသခံများလိုလား

**ကျောက်တံခါး နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ကျောက်တံခါး-ဖြူးစု-အုတ်ပုံ-အင်းပတ်လည်မှ အမြန်လမ်းအထိ ဆက်သွယ်ထားသော အရှည် ၈ မိုင် ၇ ဖာလုံ၊ အကျယ် ၁၄ ပေရှိ ဂဝံလမ်းသည် ကျေးလက်လမ်းပိုင်းမှ ကုန်ထုတ်လမ်းမကြီး တစ်ခုဖြစ်ကာ နိုဝင်ဘာ ၂၆ ရက်က ဂွန်ဒေါင်းတစ်စီးမှ စပါးအိတ် ၅၀ တင်ဆောင်မောင်းနှင်လာစဉ်တံတားမှာ ကျိုးကျပျက်စီးခဲ့သည်။

ပြိုကျပျက်စီးသွားသော တံတားမှာ အောက်ခံအုတ်ခုံ သစ်သားအမျိုးအစားဖြစ်၍ အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်ပေဖြစ်ပြီး ယခုအခါ အဆိုပါတံတားတွင် ယာဉ်များသွားလာနိုင်ခြင်း မရှိဘဲ စက်ဘီး၊ ဆိုင်ကယ်များသာသွားလာ၍ရသည့်အတွက် ယင်းလမ်းပိုင်းတွင် ကျေးရွာအုပ်စု သုံးအုပ်စုမှကျေးရွာပေါင်း ၂၀ကျော်မှ ပြည်သူများ အဓိကသွားလာနေရသော ကျေးလက်ကုန်ထုတ်လမ်းပိုင်းဖြစ်၍ သက်ဆိုင်တာဝန်ရှိသူများမှ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးနိုင်ရေး ဒေသခံများ လိုလားလျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

■ **တန်ဖိုးနည်းမှ**

"တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း မြေနေရာတွေ ချထားပေးပါတယ်။ တစ်နှစ်ထက်တစ်နှစ် လူဦးရေက သိသာစွာတိုးတက်နေတဲ့အတွက် ကျွန်တော်တို့ဌာနက အမှန်တကယ်အိမ်ရာလိုအပ်နေသူတွေ နေထိုင်ခွင့်ရရှိဖို့ ရည်ရွယ်ပြီး အိမ်ရာတွေဆောက်လုပ်ရောင်းချပေးနေတဲ့ တစ်ခုတည်းသောဌာနကြီးဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချမ်းမြသာစည် မြို့နယ် မြရည်နန္ဒာရပ်ကွက် မမ/၂၇ တွင် လေးခန်းတွဲ လေးထပ် ၂၇ လုံး၊ အခန်းပေါင်း ၄၃၂ခန်း တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဧပြီလတွင် ဝန်ထမ်းလုပ်သက် ၂၅ နှစ်ရှိသူများနှင့် အငြိမ်းစားဝန်ထမ်းများအား ရောင်းချပေးခဲ့သည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ၎င်းနေရာအနီး၌ပင် ရှစ်ခန်းတွဲငါးထပ် အလုံး ၂၀၊ အခန်းပေါင်း ၈၀၀ကို ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်တွင် ဆောက်လုပ်ခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်း၊ အငြိမ်းစားဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းနှင့် ဝင်ငွေနည်းပြည်သူများအတွက် အခန်းပေါင်း ၅၆၀ကို ရောင်းချပေးရန် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ လျှောက်လွှာများလက်ခံလျက်ရှိပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မဲစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ မြို့ပြလူဦးရေ ၂၁၄၃၄၃၆ ဦးနှင့် ကျေးလက်လူဦးရေ ၄၀၂၂၂၈၇ ဦးတို့ နေထိုင်လျက်ရှိရာ မြို့ပြနှင့် ကျေးလက်လူဦးရေအချိုးမှာ ၃၄ ဒသမ ၈ ရာခိုင်နှုန်းရှိနေသဖြင့် ကျေးလက်နေပြည်သူများအတွက်ပါတွက်ချက်၍ အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် Town Plan များရေးဆွဲနေကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော်(D)ဆောင်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီနှစ်ရပ်မှ ကော်မတီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရွှေရောင်စပါးခင်း၊ မေယုတောင်တန်းနှင့် မောင်တောမြောက်ပိုင်းလမ်း

**(ယမန်နေ့မှအဆက်)**

မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်းလမ်းသည် မောင်တောခရိုင်မြောက်ပိုင်းတွင် အဓိကကားလမ်းကြီးပင်ဖြစ်သည်။ ကားလမ်းကြီးဟုဆိုသော်လည်း ကျောက်ကြမ်းလမ်းအဆင့်မျှသာရှိသည်။ မောင်တောမြောက်ပိုင်းဒေသ လက်ရှိမြေပြင် ပကတိအနေအထားများကို သိရှိတင်ပြနိုင်ရန် ကျွန်တော်တို့သတင်းအဖွဲ့သည် ကြိမ်ချောင်းကျေးရွာမှတစ်ဆင့် မြောက်ဘက်အစွန် ခမောင်းဆိပ်သို့ ဆက်လက်ဦးတည်ထွက်ခွာလာကြ၏။

ကြိမ်ချောင်းမှ ထွက်ခွာသည်ဆိုလျှင် အောင်စစ်ပြင်ကျေးရွာသို့ရောက်သည်။ ဤကျေးရွာတွင် တောင်ပြိုလက်ဝဲနှင့် ခမောင်းဆိပ်သို့သွားရာ လမ်းခွဲရှိသည်။ လက်ဝဲဘက်လမ်းခွဲအတိုင်းသွားပါက တောင်ပြိုလက်ဝဲသို့ရောက်ပြီး လက်ယာလမ်းအတိုင်းသွားပါက ခမောင်းဆိပ်သို့ရောက်သည်။ လက်ယာလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ ရန်အောင်မြင်ကျေးရွာသို့ရောက်၏။ ရန်အောင်မြင်ကျေးရွာသည် နတလကျေးရွာတစ်ရွာဖြစ်သည်။ ကျေးရွာအဝင်လမ်းထိပ်တွင် ရန်အောင်မြင်ကျေးရွာ(နတလ) ၂၀၀၉ ခုနှစ်ဟု ရေးသားထားသည်။

ဤအမှတ်အသားကိုကြည့်ခြင်းအားဖြင့် ရန်အောင်မြင်ကျေးရွာကို ၂၀၀၉ ခုနှစ်က စတင်တည်ထောင်ခဲ့ကြောင်း အထင်အရှားတွေ့နိုင်ပါသည်။ အိမ်ခြေအားဖြင့် ၁၀၀ ကျော်၊ လူဦးရေ ၅၀၀ ကျော် နေထိုင်ကြောင်း သိရသည်။ နတလကျေးရွာဖြစ်သည့်အလျောက် နေအိမ်များမှာ သွပ်မိုး၊ထရံကာဖြစ်ပြီး ကျေးရွာအနေအထားအရ အိမ်ကြီးအိမ်ကောင်းများဟု ဆိုနိုင်ပေသည်။ ကျေးရွာထိပ်တွင် လူကြီး၊ လူငယ်နှင့် ကလေးအများစုကို တွေ့ရသည်။ အမျိုးသမီးနှင့် ကလေးများမှာ အများစုဖြစ်သည်။ လူလတ်ပိုင်းငယ်ရွယ်သူများကို မတွေ့ရပေ။ အခြားသော တစ်မြို့တစ်နယ်တွင် အလုပ်သွားလုပ်ခြင်း သို့မဟုတ် စားဝတ်နေရေးနှင့် ပညာရေးအတွက် တစ်နေရာသို့ သွားရောက်နေကြဟန်တူ၏။ ဤကျေးရွာတွင် နေထိုင်သည့် လူမျိုးအများစုမှာ သက်လူမျိုးများဖြစ်ကြောင်း သိရသည်။ ဤနတလကျေးရွာမှ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့်ဝယ်ယူခဲ့သည့် စားနပ်ရိက္ခာများကို ကျေးရွာတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

မိမိတို့အနေဖြင့် ကျေးရွာပိုင်နယ်မြေကို မည်သည့်အခါမျှစွန့်ခွာသွားမည်မဟုတ်ကြောင်း ကျေးရွာမှတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးခင်ဝင်းက ဆိုသည်။ ထိုရန်အောင်မြင်နတလကျေးရွာမှ ဆက်လက်ထွက်ခွာခဲ့ရာ ဝက်ကျိန်း၊ ပဒကားရွာသစ်၊ ဒေဝနာလီအစရှိသော ကျေးရွာများကို ဖြတ်ကျော်ခဲ့သည်။ လမ်းတစ်လျှောက်တွင် ရွှေဝါရောင်စပါးခင်းများနှင့် မေယုတောင်တန်းအလှကို သာယာရှုမောဖွယ်တွေ့ရ၏။ ဤဒေသသည် မြေဆီမြေနှစ် အလွန်



မောင်တောခရိုင်မြောက်ပိုင်း ခမောင်းဆိပ်မြို့ မင်းခမောင်းကျေးရွာအနီးမှ လယ်ကွင်းများကို တွေ့ရစဉ်။

ကောင်း၍ စပါးစိုက်ပျိုးမှု အလွန်အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကိုလည်း တွေ့ရသည်။ လမ်းတစ်လျှောက်တွင် စပါးရိတ်နေသူများ၊ စပါးသယ်သူများကိုလည်း တွေ့ရသည်။ ထိုဒေသတွင် စပါးများကို ရိတ်သိမ်းပြီးလျှင် နွားလှည်းများနှင့် သယ်ဆောင်လေ့မရှိသဖြင့် နွားလှည်းများလည်း မတွေ့ရပါ။ စပါးများကိုရိတ်သိမ်းပြီး ထမ်းပိုးဖြင့် တစ်ဖက်တစ်ချက်လျှိုထမ်းကာ စပါးတလင်းသို့ သယ်ဆောင်နေသည်ကို တွေ့ရသည်။ စပါးတလင်းမှ စပါးများကိုလည်း ထမ်းပိုးဖြင့် တစ်ဖက်တစ်ချက်ဆီထမ်းကာ လိုရာသို့ သယ်ဆောင်နေသည်ကို တွေ့မြင်ရသည်။

စပါးရိတ်သိမ်းပြီး လယ်ကွင်းများတွင် ကျွဲ၊ နွား၊ ဆိတ်တို့ကို လွှတ်ကျောင်းထားသည်ကိုလည်း တွေ့ရသည်။ နွားများမှာ နွားနီ၊ နွားနက်တို့ အများဆုံးတွေ့ရပြီး နွားဖြူ၊ နွားပြာတို့ကို တွေ့ရခဲ၏။ သို့သော် နွားများမှာ ခိုင်းနွားမဟုတ်သည့်အလျောက် အထက်အညာဒေသတွင် တွေ့ရသည့် နွားများကဲ့သို့ ထွားကြိုင်းမှုမရှိပေ။ ဆိတ်များမှာလည်း ထိုနည်းလည်းကောင်းအတိုင်း အကောင်သေးငယ်ကြ၏။ ထို့ကြောင့်လည်း ပြည်နယ်အစိုးရက မောင်တောခရိုင်ရှိ နွားနှင့်ဆိတ်မျိုးများကို မြှင့်တင်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။

များမကြာမီ တမန်းသားကျေးရွာအုပ်စုသို့ရောက်၏။ ထိုကျေးရွာသည် အုပ်စုကျေးရွာဖြစ်သည့်အလျောက် ကျေးလက်ဆေးပေးခန်းနှင့် စာသင်ကျောင်းများလည်း ရှိသည်။ ဤကျေးရွာတွင် မြို၊ ခမီ၊ သက်၊ ဒိုင်းနက် အစရှိသော တိုင်းရင်းသားများစုစည်းနေထိုင်ကြောင်း သိရသည်။ ထိုကျေးရွာအတွက်လည်း ဆန်၊ ဆီ၊ ဆား အစရှိသော ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ပြီး တာဝန်ရှိသူများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်ကြရန် အားပေးစကားပြောကြားခဲ့သည်။

အဆိုပါကျေးရွာမှ ဆက်လက်ထွက်ခွာခဲ့ရာ မင်္ဂလာညွန့်ကျေးရွာ၊ နတ်ရာကိုင်း ကျေးရွာများကိုကျော်ဖြတ်ကာ ခမောင်းဆိပ်မြို့သို့ရောက်၏။ မြို့ဟုဆိုသော်လည်း မြို့အဆင့်သို့မရောက်သေးပေ။ မြို့အင်္ဂါရပ်များနှင့်ပြည့်စုံရန် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန် စီစဉ်နေဆဲဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာနက မောင်တောခရိုင်တွင် ယခုနှစ်အတွင်း မြို့အဆင့်သတ်မှတ်ပေးခဲ့သော မြို့တစ်မြို့ဖြစ်သည်။ မောင်တောမြောက်ပိုင်းတွင် ခမောင်းဆိပ်၊ တောင်ပိုင်းတွင် မြင်းလွှတ်တို့ကို မြို့အဆင့်သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

ခမောင်းဆိပ်တွင် ရပ်ကွက်ငါးခုဖြင့် မြို့စတင် အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိသည်။ မြို့တည်ဆောက်ပြီးပါက တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးမြို့အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိကြောင်းသိရသည်။ ယခုအခါ ခမောင်းဆိပ်မြို့တည်ဆောက်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို ဖွင့်လှစ်ထားပြီဖြစ်သည်။ ခမောင်းဆိပ်နှင့် မောင်တောမြို့မှာ မိုင် ၄၀ ခန့်ကွာဝေးသည်။ ထိုမြို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသခံများအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအဘက်ဘက်မှ တိုးတက်လာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် နယ်မြေစိုးမိုးမှုရရှိလာပြီး နယ်စပ်ဒေသပါ ဖွံ့ဖြိုးလာမည်ဖြစ်သည်။

မောင်တောဒေသတွင် ဒေသခံတိုင်းရင်းသားများနှင့် အခြားဘာသာဝင်လူမျိုးများ အေးအတူပူအမျှ နေထိုင်သွားနိုင်မှသာလျှင် ဒေသ၏တည်ငြိမ်အေးချမ်းမှုမှာ အရှည်သဖြင့် ဖြစ်ထွန်းပေလိမ့်မည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယုံကြည်မှုကိုတည်ဆောက်သွားနိုင်မည်ဖြစ်သည်။

ညနေပိုင်းတွင် ကျွန်တော်တို့အဖွဲ့သည် ခမောင်းဆိပ်မြို့မှ ပြန်လည်ထွက်ခွာလာခဲ့သည်။ နေဝန်းနီနီကြီးသည် အနောက်ဂေါယာကျွန်းသို့ ယွန်းလေပြီ။ မော်တော်ယာဉ်တန်းမှာ ရွှေဝါရောင်စပါးခင်းများကို တရိပ်ရိပ်ဖြတ်ကျော်ကာ အရှိန်အဟုန်ဖြင့် ပြေးလွှားနေသည်။ ဗျိုင်းတစ်အုပ်သည် မေယုတောင်တန်းဆီသို့ အိပ်တန်းတက်ရန် ပျံသန်းသွားသည်။ လယ်တောပြန်တောင်သူများကို ရွာအဝင်လမ်းတွင် တွေ့ရသည်။ ဟိုအဝေးဆီ စေတီမှ ဆည်းလည်းသံ တချွမ်ချွမ်မြည်သံကိုလည်း ကြားလိုက်ရသည်။ မောင်တောဒေသမှ ကျေးရွာများတွင် ဒေသခံတိုင်းရင်းသားများရော အခြားဘာသာဝင်များပါ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားမည်ဆိုပါက ရာသီဥတုမျှတပြီး စိုက်ပျိုးမြေကောင်းများစွာ အလျှံအပယ်ရှိနေသည့်အတွက် တည်ငြိမ်အေးချမ်းပြီး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါကြောင်း ။ ။

**သတင်းဆောင်းပါး - မြင့်မောင်စိုး**

**ဓာတ်ပုံ - အေးဝမ်းစိုး**

■

❐ **ကျောဖုံးမှ**

ပရာကျွတ်ခရီခန့်ခရိုင်ဝန် မစ္စတာ ထဝီနုရေစီရိကူ(န)၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်ဝင်းနှင့် မောတောင်ဒေသ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းတို့က စက်ဘီးစီးအားကစားသမားများအား တာလွှတ်ပေးခဲ့သည်။

ထိုနောက် ပရာကျွတ်ခရီခန့်ခရိုင်ဝန် မစ္စတာ ထဝီနုရေစီရိကူ(န)က မောတောင်ဒေသတိုက်နယ်ဆေးရုံတွင် အသုံးပြုရန်အတွက် ဗီးချဲနှစ်ခုနှင့် မောတောင်ဒေသစာသင်ကျောင်းများအတွက် ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံးနှင့် စားပွဲတင်တင်းနစ်ရိုက်တံများကို ပေးအပ်လှူဒါန်းရာ မောတောင်ဒေသ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ-ထိုင်း စက်ဘီးစီးအားကစားသမားများသည် ပရာကျွတ်ခရီခန့်မြို့ ခယောင်းဝါရပ်ကွက် စင်ခွန်းအထူးယာယီဂိတ်မှ နံနက် ၇ နာရီတွင် စတင်စီးနှင်းခဲ့ပြီး မောတောင်နယ်စပ်ဂိတ်မှဝင်ရောက်၍ ၂၉ ကီလိုမီတာ အကွာအဝေးရှိသော အမှတ်(၉)ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ နံနက် ၉ နာရီတွင် ရောက်ရှိရပ်နားခဲ့သည်။ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် အမှတ်(၉)ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီခွဲခန့်တွင် တာလွှတ်သည့်နေရာ စင်ခွန်းအထူးယာယီဂိတ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး နိုင်ငံဖြတ်ကျော် စက်ဘီးစီးပွဲတော်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက စက်ဘီးအစီးရေ ၁၅၀၀ ခန့်ဖြင့် ပထမအကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ မောတောင်နယ်စပ်ဂိတ်ကို ၂၀၁၃ ခုနှစ် မေလ ၈ ရက်နေ့တွင် တရားဝင်ဖွင့်လှစ်ခဲ့ပြီး ထိုင်းနိုင်ငံ စင်ခွန်းဂိတ်သည် ယခုအချိန်အထိ တရားဝင်ဖွင့်လှစ်ထားခြင်းမရှိသေးဘဲ အထူးယာယီနယ်စပ်ဂိတ်အဆင့်သာရှိသေးကြောင်း သိရသည်။

အခမ်းအနားသို့ ထိုင်းနိုင်ငံမှ ပရာကျွတ်ခရီခန့်ခရိုင်ဝန် မစ္စတာ ထဝီနုရေစီရိကူ(န)နှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်ဝင်း၊ မောတောင်ဒေသ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ မြိတ်မြို့နယ်မှ စက်ဘီးစီး အားကစားသမား ၂၀ နှင့် ထိုင်းနိုင်ငံမှ စက်ဘီးစီးအားကစားသမား အမျိုးသား ၄၅၇ ဦး၊ အမျိုးသမီး ၁၄၄ ဦး၊ စုစုပေါင်း စက်ဘီးစီးအားကစားသမား အမျိုးသား အမျိုးသမီး ၆၂၁ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

▼ **မြန်မာအသင်းမှ**

အောင်သူသည် ယခုပြိုင်ပွဲတွင် မြန်မာအသင်းတိုက်စစ်တွင် အကောင်းဆုံးခြေစွမ်းပြနေသူဖြစ်ပြီး ဗီယက်နမ်၊ ကမ္ဘောဒီးယားတို့ပွဲတွင် တစ်ဂိုးစီသွင်းယူခဲ့သည်။ မလေးရှားနှင့် အုပ်စုနောက်ဆုံးပွဲတွင် ပင်နယ်တီလွဲချော်ခဲ့သော်လည်း မလေးရှားခံစစ်ပိုင်းကို အချိန်ပြည့်ဖိအားပေးနိုင်ခဲ့သည့် အသက်(၂၀)အရွယ်ရှိ လူငယ်တိုက်စစ်မှူးဖြစ်သည်။ ဝါရင့်နောက်ခံလူ ဇော်မင်းထွန်းသည် ယခုပြိုင်ပွဲတွင် မြန်မာအသင်းခံစစ်ပိုင်း၌ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သလို ဂိုးရရှိရေးအတွက်ပါ ပံ့ပိုးဖြည့်ဆည်းပေးနိုင်သူဖြစ်သည်။ ကမ္ဘောဒီးယားအသင်းနှင့်ပွဲတွင် အရေးပါသည့် ချေပဂိုးနှင့် ဒုတိယဂိုးတို့ကို သွင်းယူခဲ့သူဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတစ်လျှောက်တွင် ဆီမီးဖိုင်နယ်သို့ ဒုတိယအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ- စိုးညွန့်**

## တက်ကြွအားသွန် နိုင်ငံ့ဝန်ဦ....

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# မြန်မာ့စီးပွားရေးဘဏ်တွင် ATM ကတ်ဝန်ဆောင်မှုကို ပြည်သူများ တွင်ကျယ်စွာ အသုံးပြုနိုင်



ဘဏ်ခွဲမန်နေဂျာ ဦးအောင်မျိုးထွန်း။

မြန်မာ့စီးပွားရေးဘဏ်၏ ATM ကတ်ဝန်ဆောင်မှုများကို ရန်ကုန်မြို့ရှိ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)၊ ဘဏ်ခွဲ(၄)၊ ဘဏ်ခွဲ(၅)၊ ဘဏ်ခွဲ(၆)၊ ငွေစုဘဏ်ခွဲ(၃)၊ ငွေစုဘဏ်ခွဲ(၄)၊ ကြည့်မြင်တိုင်ဘဏ်ခွဲ၊ တာမွေဘဏ်ခွဲ၊ သဃ်န်းကျွန်းဘဏ်ခွဲ၊ သံလျင်ဘဏ်ခွဲ၊ နေပြည်တော်ဘဏ်ခွဲ၊ ပျဉ်းမနားဘဏ်ခွဲ၊ မန္တလေးမြို့ရှိ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)၊ ပဲခူးဘဏ်ခွဲ၊ တောင်ငူဘဏ်ခွဲ၊ မြဝတီဘဏ်ခွဲ၊ ပုသိမ်ဘဏ်ခွဲ၊ မအူပင်ဘဏ်ခွဲတို့တွင် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းရှင်စာရင်း(သို့မဟုတ်) ငွေစုဘဏ်စာရင်း (သို့မဟုတ်) အခြားစာရင်းတစ်ခုခု ဖွင့်လှစ်ထားပြီး မြန်မာ့စီးပွားရေးဘဏ်၏ ဝန်ဆောင်မှုသုံးစွဲသည့် ဘဏ်နှင့်ဆက်သွယ်သူများမှသာ ATM စာရင်းဖွင့်လှစ်ရန် လျှောက်ထားနိုင်သည်။

ATM စာရင်းဖွင့်လှစ်ရန် ကနဦးအနည်းဆုံးကျပ် တစ်သောင်း ပေးသွင်းရမည်ဖြစ်ပြီး ကတ်အသုံးချပြီးခ ငွေကျပ် သုံးထောင်ကို ကနဦးပေးသွင်းငွေမှ ခုနှိမ်သွားမည်ဖြစ်သော်လည်း ကတ်အသုံးပြုခြင်းအတွက် နှစ်စဉ်ကြေးပေးဆောင်ရန်မလိုကြောင်း သိရသည်။

ATM ကတ်သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး တစ်ကြိမ်လျှင် အများဆုံး ငွေကျပ်နှစ်သိန်း ထုတ်ယူနိုင်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ် ATM ကတ်ဖြင့် MPU အဖွဲ့ဝင် အခြားဘဏ်များ၏ ATM များတွင် ၂၄ နာရီပတ်လုံး ငွေထုတ်ယူနိုင်မည်ဖြစ်ပြီး အခြားဘဏ်များ၏ ATM တွင် ငွေထုတ်ယူခြင်းအတွက် ထုတ်ယူငွေပမာဏ၏ သုညဒသမ ၂ ရာခိုင်နှုန်းကို ကော်မရှင်အဖြစ် ဖြတ်တောက်သွားမည်ဖြစ်သော်လည်း မြန်မာ့စီးပွားရေးဘဏ်၏ မည်သည့် ATM တွင်မဆို ငွေထုတ်ယူရာတွင် ကော်မရှင်ပေးဆောင်ရန်မလိုကြောင်း သိရသည်။

သို့ဖြစ်၍ အများပြည်သူများ လွယ်လင့်တကူ အသုံးပြုနိုင်ရန် ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ATM စနစ် ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ဘဏ်ခွဲမန်နေဂျာ ဦးအောင်မျိုးထွန်းကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်။




**မေး။ ။ မြန်မာ့စီးပွားရေးဘဏ်မှာ ATM စနစ်စတင်အကောင်အထည်ဖော်နေမှုကို ရှင်းပြပေးပါ။**

ဖြေ။ ။ ၂၀၁၃ ခုနှစ် စက်တင်ဘာလမှစတင်ပြီး ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ မြန်မာ့စီးပွားရေး ဘဏ်ခွဲ(၁၄)ဘဏ်က အရာထမ်းတွေနဲ့ အမှုထမ်းတွေရဲ့ လစာငွေတွေကို ATM ကတ် အသုံးပြုပြီး စတင်သုံးစွဲခဲ့ပါတယ်။ ၂-၄-၂၀၁၅ ခုနှစ်ကစပြီး အများပြည်သူသုံးနိုင်အောင် ATM ကတ် ဝန်ဆောင်မှုတွေပေးခဲ့တယ်။ ငွေသားထုတ်ယူခြင်း၊ အရာထမ်း/ဝန်ထမ်းလစာနဲ့ အငြိမ်းစားလစာတွေကို Standing Instruction ပေးပြီး ATM ကတ်တွေကို အသုံးပြုနိုင်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ပုဂ္ဂလိကဘဏ်များနည်းတူ ATM စနစ်ကို ဝန်ဆောင်မှုပေးနေပါတယ်။ အချို့လိုအပ်ချက်တွေကို ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေပါတယ်။

**မေး။ ။ လက်ရှိ ATM ကတ်စနစ် အသုံးပြုနေတဲ့ ဘဏ်ခွဲအရေအတွက်နဲ့ ATM စက်အသုံးပြုသူ ဦးရေပမာဏ သိပါရစေ။**

ဖြေ။ ။ လက်ရှိ ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်အထိ ATM စနစ် အသုံးပြုလျက်ရှိတဲ့ ဘဏ်ခွဲ ၄၇ ဘဏ်နဲ့ ATM စက် ၅၂ လုံး ရှိပါတယ်။ အသုံးပြုသူဦးရေက ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်အထိ ၁၅၆၉၄ ဦးဖြစ်ပြီး ၂၂-၁၁-၂၀၁၆ ရက်အထိ အသုံးပြုသူဦးရေမှာ ၁၆၂၂၂ ရှိပါတယ်။ လက်ရှိမှာ ATM ကတ်တစ်မျိုးတည်းရရှိပြီး ဝန်ထမ်းတွေရဲ့ လစာ၊ ပင်စင်စားတွေရဲ့ လစာကို ထုတ်ယူနိုင်ပါတယ်။ ATM ကတ်ကို မိမိရောက်ရှိတဲ့ မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ATM စက်မှာ အသုံးပြုလို့ရနိုင်တဲ့အပြင် ATM စက် အသုံးမပြုသေးပါက MPU အဖွဲ့ဝင် တခြားပုဂ္ဂလိကဘဏ်က စက်တွေမှာ ထုတ်ယူရရှိနိုင်ပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ ခွင့်ပြုချက်အရ MPU စီမံခန့်ခွဲမှုကော်မတီကို ၁၅-၉-၂၀၁၁ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး ၁၅-၉-၂၀၁၂ ၌ ကနဦးအဖွဲ့ဝင် ၁၆ ဘဏ်နဲ့ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ မြန်မာ့စီးပွားရေးဘဏ်က ATM စနစ်အပြင် အခြားဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးမှုရှိပါသလား။**

ဖြေ။ ။ လတ်တလော မြန်မာ့စီးပွားရေးဘဏ်က ATM စက်သာမက MPU အဖွဲ့ဝင် အခြားဘဏ်များက ATM စက်မှာလည်း ငွေထုတ်ယူတာတွေကို ဆောင်ရွက်နိုင်သလို POS (Point of Sale)ကတစ်ဆင့် ငွေပေးချေခြင်းတွေကို ဆောင်ရွက်နိုင်ပါတယ်။ နောင်မှာ E-commerce ပေးချေမှုတွေပါ ဆောင်ရွက်နိုင်ဖို့ ပြင်ဆင်နေပါတယ်။

**မေး။ ။ ATM စနစ် ကျင့်သုံးရာမှာ အားသာချက်များကို ပြည်သူအများစု သိရှိအောင် ရှင်းပြပေးပါ။**

ဖြေ။ ။ ရရှိနိုင်သော အကျိုးကျေးဇူးတွေက လက်ရှိ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ATM ကတ် အသုံးပြုသူအများစုဟာ ဌာနဆိုင်ရာ အရာထမ်းတွေနဲ့ ပင်စင်စားအချို့ဖြစ်ပြီး သူတို့ရဲ့ လစာငွေတွေကို ၂၄ နာရီလုံး ဝန်ဆောင်မှုအနေနဲ့ ဘဏ်လုပ်ငန်းချိန်ပြင်ပ ကြိုက်နှစ်သက်တဲ့အချိန်၊ ကြိုက်နှစ်သက်တဲ့ MPU အဖွဲ့ဝင်ဘဏ်တွေက ATM စက်တွေမှာ ထုတ်ယူနိုင်ပါတယ်။ နောက်ပြီး ကုန်တိုက်ကြီးတွေ၊ စားသောက်ဆိုင်တွေနဲ့ ကျောက်မျက်ရတနာဆိုင်တွေမှာ ၎င်းတို့ဝယ်ယူမှုအတွက် မြန်မာ့စီးပွားရေးဘဏ်ရဲ့ ကတ်ကိုအသုံးပြုပြီး POS မှာ လွယ်ကူစွာ ငွေပေးချေဆောင်ရွက်နိုင်ရုံမက လုပ်ငန်းဆောင်ရွက်မှုကြာချိန် လျှော့ချနိုင်ပါတယ်။ ငွေသားကိုင်တွယ်သုံးစွဲမှု လျော့နည်းမှုတွေ၊ ပေးချေမှုအတွက်ရရှိတဲ့ ဝန်ဆောင်ခဝင်ငွေတွေ၊ လုံခြုံမှုအပိုင်းတွေမှာ အားသာမှုရှိပါတယ်။ ပြည်သူလူထုအနေနဲ့ ATM စနစ်စတင်သုံးစွဲနေတဲ့ ဘယ်စီးပွားရေးဘဏ်မှာမဆို ATM ကတ်ကို သုံးစွဲချင်တယ်ဆိုရင် စာရင်းဖွင့်ပြီး ATM ကတ် လျှောက်ထားနိုင်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ရဲ့ ATM ကတ်ကို MPU အဖွဲ့ဝင် အခြားပုဂ္ဂလိကဘဏ်တွေမှာလည်း ထုတ်ယူသုံးစွဲနိုင်ပါတယ်။

**မေး။ ။ ATM ကတ်စနစ်မှာ လက်ရှိအားနည်းချက်ရှိပါသလား။ ရှိရင် မြန်မာ့စီးပွားရေးဘဏ် ဘယ်လို ကျော်လွှားဆောင်ရွက်ပေးသွားမလဲ။**

ဖြေ။ ။ ATM စနစ်က အင်တာနက်ကိုအခြေခံပြီး သုံးစွဲရတဲ့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်တွေမှ မဟုတ်ပါဘူး၊ ATM စနစ် အသုံးပြုတဲ့ MPU အဖွဲ့ဝင်ဘဏ်တွေက ATM စက်အားလုံး အင်တာနက်လိုင်းကောင်းမွန်ဖို့ အထူးလိုအပ်ပါတယ်။ မြန်နှုန်းမြင့် အင်တာနက်ကောင်းမယ်ဆိုရင် ဘယ်အခက်အခဲမျှ မရှိနိုင်ပါဘူး။ လုံခြုံမှုအပိုင်းမှာ လုံခြုံစိတ်ချမှု အပြည့်ရှိပါတယ်။ သုံးစွဲသူတွေအတွက် ငွေသားလုံခြုံမှုအပိုင်းကို စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်က နိုင်ငံတော်ဘဏ်ဖြစ်တာကြောင့် ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ ပြည်သူလူထုအတွက် ခေတ်မီတဲ့ဘဏ်လုပ်ငန်း ဝန်ဆောင်မှုတွေကို ပေးနေပါတယ်။ ATM စနစ်နဲ့ ငွေထုတ်လို့ရပါပြီ။ အခြားပုဂ္ဂလိကဘဏ်တွေနည်းတူ မြန်မာ့စီးပွားရေးဘဏ်က ATM ကတ်ကို သုံးစွဲနေပါပြီ။ ဒါ့ကြောင့် မြန်မာ့စီးပွားရေးဘဏ်ရဲ့ ATM စနစ်ကို စိတ်ဝင်စားတဲ့ မည်သူမဆို ပူးပေါင်းပါဝင်ပြီး ATM ကတ် သုံးစွဲဖို့ ဖိတ်ခေါ်ပါတယ်။ ATM ကတ်နဲ့ပတ်သက်ပြီး သိလိုသမျှကို နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်များမှာ ဝင်ရောက်စုံစမ်းနိုင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော်၊ နန္ဒာဝင်း**
**ဓာတ်ပုံ - MN**

# တရုတ်-မြန်မာ စာပေနှင့် အနုပညာဖလှယ်ရေး သွားရောက်ခဲ့သော စာရေးဆရာအဖွဲ့ပြန်လည်ရောက်ရှိ



ရန်ကုန် နိုဝင်ဘာ ၂၈

တရုတ်-မြန်မာ နှစ်နိုင်ငံ စာပေနှင့် အနုပညာဖလှယ်ရေး အစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်း၊ ပေကျင်းနှင့်ချင်းတောင်မြို့တို့သို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် မြန်မာနိုင်ငံမှ စာရေးဆရာ ဦးကျော်စွာ(ချစ်ဦးညို)ဦးဆောင်သာ အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ စာရေးဆရာအဖွဲ့တွင် ဦးကျော်စွာ(ချစ်ဦးညို)၊ ဒေါ်တင်တင်ဝင်း(ဂျူး)၊ ဒေါ်ခင်နှင်းဦး၊ ဒေါ်အေးအေးဝင်း (ဖြူမွန်)၊ ဦးမော်လင်း၊ ဦးအောင်တင် (ကာတွန်းမောင်မောင်အောင်)၊ ဦးအေးမောင် (အေးမောင်ကျော်)၊ ဦးသန်းအုန်း (မောင်ဇေယျာ)၊ ဦးဝင်းချိုတို့နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြကြောင်း သိရသည်။

**(သတင်းစဉ်)**

❐

# မူဆယ်မြို့ပေါ်ရှိ စာသင်ကျောင်းများ၊ ဘဏ်များဖွင့်လှစ်



**မူဆယ် နိုဝင်ဘာ ၂၈**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ဒေသအတွင်း ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုများကြောင့် မူဆယ်မြို့ပေါ်ရှိ စာသင်ကျောင်းများ ခေတ္တပိတ်ထားခဲ့ရာမှ ယခုအခါ ဒေသတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာ ယနေ့နံနက် ၁၀ နာရီက ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ စာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် မူဆယ်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ နိုဝင်ဘာ ၂၇ ရက်က မူဆယ်ဒေသအတွင်း ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိပြီး မူဆယ်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာများအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် လူနာ ခုနစ်ဦးအတွက် ငွေကျပ် ခုနစ်သိန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကလည်းကောင်း၊ လူနာတစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် လူနာ ခုနစ်ဦးအတွက် ငွေကျပ် ၂၁၀၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းကလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် နိုဝင်ဘာ ၂၂ ရက်က လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် လက်နက်ကိုင်အဖွဲ့များ ပစ်ခတ်ခဲ့သဖြင့် သေဆုံးသွားသော အရပ်သား ပြည်သူနှစ်ဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီဖြင့် ငွေကျပ် ၁၀ သိန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက သေဆုံးသူ၏ မိသားစုဝင်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် မူဆယ်မြို့ပေါ်တွင် ဖွင့်လှစ်ထားရှိသော မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်အသီးသီး၏ ငွေလွှဲ/ငွေထုတ် ဆောင်ရွက်နေမှုများနှင့် လုံခြုံရေးစောင့်ကြပ်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

# မူဆယ်ဒေသနယ်မြေတည်ငြိမ်အေးချမ်းလာ၍ နေရပ်စွန့်ခွာတိမ်းရှောင်သူများ နေရပ်အသီးသီးသို့ပြန်

**မူဆယ် နိုဝင်ဘာ ၂၈**
မူဆယ်မြို့ရှိ ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူများသည် ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိလာပြီဖြစ်၍ ၎င်းတို့၏ ဆန္ဒအလျောက် နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာနေကြရာ ကြက်ခြေနီအသင်းများ၊ ပရဟိတအသင်းများ၊ ကျန်းမာရေးဌာနမှ လူနာတင်ယာဉ်များဖြင့် နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိရာ ဟိုမွန်ရပ်ကွက် ခရစ်ယာန်ဘုရားကျောင်း ကယ်ဆယ်ရေးစခန်းတွင် ၁၄၂ ဦး၊ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း (စွမ်းစော်) တွင် ၄၉ ဦး၊ နမ့်ခွမ်ဘုန်းတော်ကြီးကျောင်းတွင် ရှစ်ဦး၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း



တွင် ၁၅၁ ဦးနှင့် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတွင် ၁၁ ဦး စုစုပေါင်း စစ်ဘေးတိမ်းရှောင် ဒေသခံပြည်သူ ၄၀၉ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# KIA လက်နက်ကိုင်တပ်ဖွဲ့ဝင် နှစ်ဦး ၎င်းတို့ထောင်ထားသော တိုက်မိုင်းပေါက်ကွဲ သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၂၈**
KIA လက်နက်ကိုင်တပ်ဖွဲ့ဝင်နှစ်ဦးသည် ယမန်နေ့ညပိုင်းက ကာမိုင်းမြို့နယ်အတွင်း ၎င်းတို့ထောင်ထားသော တိုက်မိုင်းကို ပြန်လည်ဖော်ယူစဉ် ပေါက်ကွဲပြီး မိုင်းစထိမှန်သေဆုံးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

ကချင်ပြည်နယ် ကာမိုင်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် KIA လက်နက်ကိုင်အဖွဲ့မှ တပ်သားအဆင့်ရှိ ခါးလီနှင့် ဒွတ်လာတို့ နှစ်ဦးအား နိုဝင်ဘာ ၂၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့က လဘန်ကထောင်ကျေးရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာ၌ တိုက်မိုင်းနှစ်လုံးထောင်ထားရာ ယင်းမိုင်းများကို ၎င်းတို့ကိုယ်တိုင်ဖော်ယူ၍ သက်မဲ့ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားသဖြင့် နိုဝင်ဘာ ၂၇ ရက် ညပိုင်းက သွားရောက်ဖော်ယူစဉ် တိုက်မိုင်းပေါက်ကွဲပြီး နှစ်ဦးစလုံး မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လားရှိုးမြို့နယ် ဟိုပိတ်ရွာအနီး လက်လုပ်မိုင်း နှစ်လုံး ပေါက်ကွဲ

**နေပြည်တော် နိုဝင်ဘာ ၂၈**
လားရှိုးမြို့နယ် ဟိုပိတ်ရွာရှိ သံလွင်ခာတ်ဆီအရောင်းဆိုင်အနီးတွင် ယနေ့နံနက် ၁၁ နာရီခန့်က လက်လုပ်မိုင်း နှစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးမှုမရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံး

**နတ်တလင်း နိုဝင်ဘာ ၂၈**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရေကြည်အုပ်စု ရေကြည်ကျေးရွာတွင် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲက ဒေါ်ပု (၅၇) နှစ်၏ နေအိမ်နောက်ဘက် စပါးကျီအနီးတွင် အမှိုက်များမီးရှို့၍ မီးလှုံရာ မီးကြွင်းမီးကျန်မှ စပါးထည့်ထားခြင်းမရှိသည့် စပါးကျီထရံကို မီးစတင်လောင်ကျွမ်းရာမှ နေအိမ် ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။



အခင်းဖြစ်ပွားရာသို့ တာပွန်နယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ နတ်တလင်းမြို့ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီးတို့ လာရောက်မီးငြိမ်းသတ်ပြီး မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင်နှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားသည်။

မီးလောင်သွားသော အိမ်ထောင်စု ခုနစ်စုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရေးပေါ်လိုအပ်နေသော အိုးခွက်ပန်းကန်၊ စောင် စသည့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ကူညီပေးပြီး မီးဘေးဒုက္ခသည်များ နေထိုင်ရန်နှင့် ကျန်းမာရေးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့က ထိခိုက်ရှနာဖြစ်သောသူများကို ဆေးကုသပေးခြင်း၊ သောက်ရေသန့်များ စီစဉ်ဆောင်ရွက်ပေးခြင်းများပြုလုပ်ပေးကြသည်။ တာပွန်နယ်မြေရဲစခန်းက အိမ်ရှင် ဒေါ်ပုအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ဝ၇၁)**

# KIA/TNLA/MNDAA လက်နက်ကိုင်အဖွဲ့ ကွတ်ခိုင်မြို့နယ်အတွင်း တံတားတစ်စင်း မိုင်းခွဲဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၈**
ကွတ်ခိုင်မြို့နယ် မုံးယားရွာအနီး မုံးကိုး-မုံးစီး လမ်းဟောင်းပေါ်ရှိ အရှည်ပေ ၄၀၊ အကျယ် ၁၂ ပေရှိ ကျောက်စီတံတားကို KIA/TNLA/MNDAA လက်နက်ကိုင်အဖွဲ့များက နိုဝင်ဘာ ၂၆ ရက် ည ၉ နာရီခန့်တွင် မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါတံတား မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ပျက်စီးခဲ့ရာ လတ်တလောဖြတ်သန်းသွားလာ၍ မရသေးကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောဒေသနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေမည့် ကညင်ချောင်း ကုန်သွယ်ရေးဇုန်



**မောင်တော နိုဝင်ဘာ ၂၈**

မောင်တောဒေသနှင့် ရခိုင်ပြည်နယ်တစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေနိုင်မည့် ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး စီမံကိန်းပထမအဆင့်အနေဖြင့် ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း စီမံကိန်းတည်ဆောက်ရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

စီမံကိန်းပထမအဆင့်တွင် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ငွေကျပ်သိန်း ၆၀၀၀၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ထည့်ဝင်ငွေကျပ် သိန်း ၄၀၀၀ စုစုပေါင်း သိန်း ၁၀၀၀၀ ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရထောက်ပံ့သည့် သိန်း ၆၀၀၀ တွင် ဆိပ်ခံတံတား နှစ်စင်း၊ ပင်မအဆောက်အအုံ၊ ဆိပ်ခံတံတား ချဉ်းကပ်လမ်း တည်ဆောက်ရေးလုပ်ငန်းများ ပါဝင်ကြောင်း၊ ပုဂ္ဂလိကထည့်ဝင်သည့် သိန်း ၄၀၀၀ တွင် သိန်း ၂၀၀ တန် ဆိုင်ခန်းဂိုဒေါင် အလုံး ၂၀ ပါဝင်ပြီး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ကညင်ချောင်းကုန်သွယ်ရေးဇုန် တည်ဆောက်ရေးကော်မတီအတွင်းရေးမှူး ဦးအောင်မြင့်သိန်းက နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် နိုင်ငံတော်အစိုးရက ခွင့်ပြုပေးမည့် သိန်းပေါင်း ၂၅၀၀၀ ဖြင့် ဧက ၅၀ ခန့်ရှိ ကုန်သွယ်ရေးဇုန်ကို အုတ်ခြံစည်းရိုးခတ်ခြင်း၊ ကုန်သွယ်ရေးဇုန်သို့ သွားရောက်မည့် သီးခြားလမ်း ၁ ဒသမ ၈ မိုင် ဖောက်လုပ်မည်ဖြစ်ပြီး ကုန်သွယ်ရေးဇုန်အတွင်း ပတ်လမ်းတစ်ခု ဖောက်လုပ်ခြင်း၊ လုံခြုံရေးအဆောက်အအုံနှင့် သန့်စင်ခန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ တတိယအဆင့်အနေဖြင့် ၂၀၁၇- ၂၀၁၈ ဘတ်ဂျက်တွင် မဟာဓာတ်အားလိုင်းရလာမည်ဟု မျှော်မှန်းထားပြီး အအေးခန်းများ၊ အဆင့်မြင့်ဟိုတယ်များ စသည်ဖြင့် တိုးချဲ့မည့်အစီအစဉ်များရှိပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးမှာ နယ်စပ်ကိုးပေါက်ရှိပါတယ်။ အဲဒီနယ်စပ် ကိုးပေါက်ထဲမှာ ပို့ကုန် ၉၀ ရာခိုင်နှုန်း၊ သွင်းကုန် ၁၀ ရာခိုင်နှုန်းရှိတဲ့ မောင်တောနယ်စပ်ပေါက်ဟာ ပို့ကုန်အသာစီးရနေတဲ့ နယ်စပ်ပေါက်ဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏအနေနဲ့ ကြည့်မယ်ဆိုမူဆယ်တို့၊ မြဝတီတို့ကို မမီပါဘူး။ ဒါပေမယ့် ပို့ကုန်အသာစီးရထားတဲ့ နယ်စပ်ကို တိုးတက်စေချင်ပါတယ်။ ပထဝီစီးပွားရေးအရကြည့်မယ်ဆိုရင် တစ်ဖက်နိုင်ငံဟာ လူဦးရေ သန်း ၁၆၀ ကျော်ရှိပါတယ်။ ကျွန်တော်တို့က သန်း ၅၀ သာရှိပါတယ်။ တစ်ချိန်တည်းမှာ ဧရိယာအကျယ်အဝန်းကို ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့နိုင်ငံထက် သုံးဆလောက်ငယ်ပါတယ်။ စားကုန် သောက်ကုန်တွေကို အိန္ဒိယတို့၊ ပါကစ္စတန်တို့ကနေ တင်သွင်းနေရပါတယ်။ ကျွန်တော်တို့ဘက်ကလည်း လက်ဦးမှုရယူတင်သွင်းဖို့ လိုပါတယ်။ ရေရှည်အကျိုးကို ကြည့်ရင် လုပ်သင့်တဲ့စီမံကိန်းတစ်ခုပါ"ဟု ဦးအောင်မြင့်သိန်းက ၎င်း၏အမြင်ကို ပြောပြသည်။

"လက်ရှိအခြေအနေမှာ ကျွန်တော်တို့က ဟိုဘက်ကို သွားရောင်းရတဲ့အတွက် ဟိုဘက်မှာ ဝယ်သူဈေးကွက်ပါ။ ဒီကုန်သွယ်ရေးဇုန်မှာသာဆိုရင် ကျွန်တော်တို့က ရောင်းသူဈေးကွက်ကို ရရှိမှာပါ။ ဒ့ါအပြင် လက်ရှိအသုံးပြုနေတဲ့ မောင်တောချောင်းဟာ တိမ်ကောလာပြီဖြစ်တဲ့အတွက် စက်လှေကြီးတွေ အချိန်မရွေး ဝင်ထွက်ဖို့ ခက်ခဲလာပါပြီ" ဟု ၎င်းက ပြောသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများတွင် ဆင်းရဲမွဲတေမှုသည်လည်း အဓိကအခြေခံအချက်တစ်ခုဖြစ်ကြောင်း သုံးသပ်တင်ပြမှုများလည်းရှိနေကြောင်း သိရသည်။

"စီးပွားရေးရှုထောင့်အရ ကြည့်မယ်ဆိုရင် ဆင်းရဲနွမ်းပါးတဲ့အတွက် အလုပ်လက်မဲ့များနေပြီး နိုင်ငံရေးအရသော်လည်းကောင်း၊ အကြမ်းဖက်ဖို့အတွက်သော်လည်းကောင်း စည်းရုံးရလွယ်ပါတယ်။ ဒါကြောင့် ဒီဒေသမှာ စီးပွားရေးဖွံ့ဖြိုးဖို့လိုပါတယ်"ဟု ဦးအောင်မြင့်သိန်းက ပြောသည်။

**သတင်းနှင့် ဓာတ်ပုံ-အေဝမ်းစိုး**



အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူအချို့ကို တွေ့ရစဉ်။

# အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ ၁၁ ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အောက်တိုဘာ ၉ ရက် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် နောက်ဆက်တွဲအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ ၁၁ ဦးအား နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်များတွင် မောင်တောမြို့နယ်ရှိ ကျေးရွာများမှ ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ်အတွင်း နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများဖြစ်ကြသော မျောချောင်းကျေးရွာမှတစ်ဦးအား နိုဝင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီကလည်းကောင်း၊ ဝါးပိတ်ကျေးရွာမှ နှစ်ဦး၊ မျောတောင်ကျေးရွာ၊ ရွက်ညိုတောင်ကျေးရွာ၊ ဗောဓိပြင်ကျေးရွာ၊ ဇင်ပိုင်ညာကျေးရွာနှင့် သူဦးလာကျေးရွာများမှ တစ်ဦးစီဖြင့် ပေါင်းငါးဦးအား နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းကလည်းကောင်း၊ ရွှေဇားအလယ်ကျေးရွာမှ တစ်ဦးအား နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းကလည်းကောင်း၊ မဲတီကျေးရွာမှ နှစ်ဦးအား နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းကလည်းကောင်း စုစုပေါင်း ၁၁ ဦးကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူနိုင်ရန် သက်ဆိုင်ရာနယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်စဉ်များတွင် ပါဝင်ခဲ့သည်ဟုယူဆရသည့် မသင်္ကာသူ လေးဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ လေးဦးအား နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်များတွင် ဖမ်းဆီးရမိပြီး ဝါးပိတ်ကျေးရွာနှင့် သက္ကယ်ပြင်ကျေးရွာအကြားမှ အလောင်းတစ်လောင်းတွေ့ရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများဖြစ်ကြသော ဝါးပိတ်ကျေးရွာနေ ဆွေတာမောက် (၅၈)နှစ်၊ ဆွေယော့ ဟူဆောင်း (၆၅) နှစ်၊ ဆာလီအာမွတ် (၅၁) နှစ် ပေါင်းသုံးဦးအား နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက ဝါးပိတ်ကျေးရွာအနီးမှလည်းကောင်း၊ ရွှေဇားအလယ်ရွာနေ ဟူဆိန်းအားမက် (၃၂)နှစ်အား နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မောင်တောမြို့မဈေးအတွင်းမှလည်းကောင်း စုစုပေါင်း လေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိသူများအား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ဝါးပိတ်ကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဝါးပိတ်ကျေးရွာနှင့် သက္ကယ်ပြင်ကျေးရွာအကြား၌ အင်္ကျီ၊ တီရှပ် နီညို၊ ပုဆိုးအနက်ရောင် ဝတ်ဆင်ထားသော အမည်၊ အသက်၊ နေရပ်လိပ်စာစိစစ်ဆဲ အမျိုးသားတစ်ဦး၏ အလောင်းတစ်လောင်း တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ပြင်ပဒဏ်ရာများမရှိဘဲ အအေးမိ၍ သေဆုံးနေသည့် လက္ခဏာတွေ့ရှိရသဖြင့် မောင်တောဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် ကျောက်ပန္နုကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၂၈**

မောင်တောမြို့နယ် ကျောက်ပန္နုကျေးရွာမှ ရာအိမ်မှူး၏နေအိမ်မှာ ရှို့မီးကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

မောင်တောမြို့နယ် ကျောက်ပန္နုကျေးရွာမှ ရာအိမ်မှူး ရော်ဖီး၏နေအိမ်အား နိုဝင်ဘာ ၂၅ ရက် ည ၁၂ နာရီခန့်တွင် လူတစ်စုက ဓာတ်ဆီပုလင်းအား မီးရှို့၍ မီးဖိုချောင်ခေါင်မိုးပေါ်သို့ ပစ်တင်၍မီးရှို့ခဲ့ရာ အိမ်ရှင်များက ဝိုင်းဝန်းပြီး မီးငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်မှုဖြစ်ပွားရာအနီးတွင် ဓာတ်ဆီပုလင်းနှစ်လုံးနှင့် မီးခြစ်နှစ်လုံးတို့အား စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါမီးရှို့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**မီးဘေးရှောင် မလောင်ခင်တား**

# အကယ်ဒမီများရှင် စင်ရော်မောင်မောင်





ရုပ်ရှင်ဇာတ်ကားကောင်း တစ်ကားဖြစ်ဖို့ဆိုသည်မှာ တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် မရပါ။ ပါဝင်ပတ်သက်သူအားလုံး Team Work အသွင်၊ အပြန်အလှန် အပေးအယူ အချိတ်အဆက်မိမိ ညီညီညွတ်ညွတ်စုပေါင်း လုပ်ဆောင်ကြမှသာ အောင်မြင်မှုရပေမည်။ သို့သော် ဦးဆောင်သူမရှိ၍ မဖြစ်။ သို့ဖြစ်၍ ရုပ်ရှင်ရိုက်ကူးရာတွင် ဒါရိုက်တာသည် အခရာ။ ပမာပြုရလျှင် ဘောလုံးအသင်း တစ်သင်းနှင့်လည်း အလားသဏ္ဍာန်တူသည်။ ဒါရိုက်တာဆိုသော စကားရပ်သည် အင်္ဂလိပ်ဝေါဟာရ Director ကို မူရင်းအသံအတိုင်းတိုက်ရိုက်မြန်မာမှုပြုထားခြင်းဖြစ်ရာ မြန်မာအဓိပ္ပာယ်နှင့် မြန်မာမှုပြုလိုသူများက စီစဉ်ညွှန်ကြားသူ၊ သရုပ်ပြအမှူးမ်းတင်၊ ဖန်တီးသည်၊ ဖန်တီးရှင်၊ ခြယ်မှုန်းသည်၊ ရိုက်ချက်၊ ရင်တွင်းဖြစ်၊ စိတ်ကူးပုံဖော်သည်၊ စိတ်ကူးရင်ခုန်သည် စသည်ဖြင့် အမျိုးမျိုးသုံးနှုန်းကြသည်။ မည်သို့ဆိုစေ ဒါရိုက်တာဆိုသူသည် ရုပ်ရှင်ကားတစ်ကား အောင်မြင်ဖြစ်ထွန်းရေးအတွက် အဓိကတာဝန်အရှိဆုံး၊ အရေးပါ အရာရောက်ဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။ ဦးညီပု၊ အေဝမ်းဦးတင်မောင်၊ ရွှေဒုံးဘီအောင်၊ ဦးသုခ၊ ဦးချင်းစိန် (ရွှေညာမောင်) စသည့်ဆရာ့ဆရာကြီးများ၏ အဆိုအမိန့်အရ ဒါရိုက်တာသည် "King of the Set" ရိုက်ကွင်းဘုရင်။

မြန်မာ့ရုပ်ရှင်လောကတွင် တကယ်တော်တကယ်ထက်သည့် ဒါရိုက်တာပေါင်းများစွာ ပေါ်ထွက်ခဲ့ပါသည်။ ၁၉၂၀ ခုနှစ် မြန်မာ့ရုပ်ရှင် ပေါ်ဦးစ၊ အဖြူအမည်း အသံတိတ်ကာလ၊ သံစုံသွင်းကာလ၊ အဖြူအမည်း အသံထွက်ကာလ၊ ဆေးရောင်စုံအသံထွက်ကာလစသည်ဖြင့် ခေတ်တိုင်းမှာ လက်ရာမြောက် ဒါရိုက်တာပေါင်းများစွာရှိသည်။ ယနေ့မျိုးဆက်သစ်လူငယ်များ လက်ထက်မှာလည်း တကယ်တော်တကယ်ထက်သည့် ဒါရိုက်တာများ တစ်ပုံတစ်ပင်။ မြန်မာတို့၏ ရုပ်ရှင်အနုပညာအရည်အသွေးသည် ကား မသေးလှ။ သို့ဖြစ်၍ မြန်မာ့ရုပ်ရှင်သည် ငွေရတု၊ ရွှေရတု၊ စိန်ရတု ကာလများကို အောင်မြင်စွာ ကျော်ဖြတ်ချီတက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ မကြာမီ ရာပြည့်ခရီးသို့ပင် ရောက်တော့မည်။

ဒါရိုက်တာသည် ပိတ်ကားထက်ဝယ် ရှေ့ထွက်ပြရသည့် ပြရုပ်မဟုတ်။ ကန့်လန့်ကာ နောက်ကွယ်က ချွေးပေါက်ပေါက်ကျအောင် စိတ်ပင်ပန်းလူပင်ပန်းခံဖန်တီးရသည့် အနုပညာရှင်။ ဇာတ်ကားတစ်ကား ကောင်းပြီဆိုလျှင် မင်းသား၊ မင်းသမီးတွေသာနာမည်ကြီးလေ့ရှိပြီး ဒါရိုက်တာဖြစ်သူကို သတိထားမိသူနည်း၏။ လူသိနည်းသူကိုမှ ပရိသတ်က လိုက်ရှာရပြီဆိုလျှင်ဖြင့် ထိုဒါရိုက်တာသည် တကယ်အစွမ်းအစရှိသောသူသာ ဖြစ်ပေလိမ့်မည်။ ပရိသတ်အကြိုက် နိုင်ငံကျော်ဒါရိုက်တာများကို ဖော်ပြရလျှင် ဤဆောင်းပါးဖြင့် လုံလောက်မည်မထင်။ သာဓကအဖြစ် ဖော်ပြရသည်ရှိသော် ဦးညီပု၊ အေဝမ်းဦးတင်မောင်၊ ရွှေဒုံးဘီအောင်၊ ဦးသုခ၊ ဦးချင်းစိန်(ရွှေညာမောင်)၊ ဦးဉာဏ၊ ဦးလွန်းဖေ၊ ဦးချစ်ဖေ၊ ကျွန်တော်ချစ်မောင်၊ မြင့်ဖေ၊ ဦးတင်ယု၊ ဝင်းဦး၊ ဦးသာခု၊ ပြည့်စုံ၊ ရှုမဝဦးကျော်၊ ရှုမဝဦးချစ်စိန်၊ မောင်မောင်မြင့်၊ သန်းနွဲ့၊ အေဝမ်းမောင်လှမျိုး၊ ဘိတ်ကလာတဲ့ ငံပြာရည်၊ စိန်ဖေတင်၊ ထွန်းမြင့်ထွန်း၊ အောင်မြင့်မြတ်၊ အေဝမ်းသိန်းထွဋ်-သန်းထွဋ်၊ မောင်မိုးသူ၊ မောင်ဝဏ္ဏ၊ ရဲဘော်သက်ရှည်၊ မောင်နန္ဒ၊ ရဲဝန်ထမ်းဟောင်းတစ်ဦး၊ မောင်တင်ဦး၊ ကြည်စိုးထွန်း၊ ပန်းချီစိုးမိုး၊ မောင်နှင်းမိုး၊ ခင်မောင်ဦးစိုးသိန်းထွဋ်(ဆိုးပေ/မောင်မဲ)၊ စင်ရော်မောင်မောင်၊ ညီညီထွန်းလွင်၊ မီးပွား၊ မိုက်တီး၊ ညိုမြင်းလွင်၊ မောင်သီ၊ ညွှန့်မြန်မာညီညီအောင်၊ ဇဗ္ဗူထွန်းသက်လွင်၊ သီဟတင်စိုး၊ မလိခစိုးထိုက်အောင်၊ ကိုဇော် (အရုဏ်ဦး)၊ မောင်ယဉ်အောင်၊ ဝင်းထွန်းထွန်းနှင့် ဝိုင်း စသည်ဖြင့် အရည်အချင်းရှိဒါရိုက်တာပေါင်းများစွာရှိသည်။ ထိုသူများထဲမှ မကြာမီက "အလင်္ကာကျော်စွာ" ဘွဲ့ရ ဒါရိုက်တာတစ်ဦးအကြောင်း ပြောပြရမည်ဆိုလျှင်- "အကယ်ဒမီများရှင် ဒါရိုက်တာ စင်ရော်မောင်မောင်"။

**ငယ်ဘဝ**

ခင်မင်သူများက ကိုမောင်၊ ဦးမောင်ဟု ခေါ်ကြပြီး အမည်ရင်းမှာ လင်းအောင်၊ ရန်ကုန်သား၊ ၁၉၆၀ ခုနှစ်တွင် ရန်ကုန်မြို့ ၃၂ လမ်း၌ မွေးဖွားခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ အထက (၆) ဗိုလ်တထောင်(ယခင်စိန်ပေါလ်)နှင့် ၁၉၇၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ အထက (၁) ဒဂုံတို့တွင် အခြေခံပညာများကို သင်ယူခဲ့ပြီး ဆယ်တန်းအောင်မြင်ပြီးနောက် ၁၉၇၅ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ သင်္ချာအဓိကဖြင့် ပညာဆက်လက်ဆည်းပူးခဲ့ရာ သိပ္ပံ (သင်္ချာ)ဘွဲ့နှင့် ၁၉၈၄ ခုနှစ်တွင် မဟာသိပ္ပံ(သင်္ချာ) M.Sc (Maths) ဘွဲ့ရရှိခဲ့သည်။ တက္ကသိုလ်ပညာသင်ယူနေစဉ်အတွင်း ရန်ကုန်တက္ကသိုလ် သင်္ချာအသင်း အတွင်းရေးမှူး၊ သွေးစုဘဏ်အသင်း အတွင်းရေးမှူး၊ တက္ကသိုလ်ပေါင်းစုံ ဗုဒ္ဓဘာသာအသင်း ဝေယျာဝစ္စကော်မတီ အတွင်းရေးမှူး၊ ပဲခူးဆောင်အတွင်းရေးမှူး စသည့် တာဝန်များထမ်းဆောင်ခဲ့သည်။ တစ်ဖန် ဗဟိုနိုင်ငံရေးတက္ကသိုလ်တွင် တက္ကသိုလ်ပေါင်းစုံလမ်းစဉ်လူငယ်ခေါင်းဆောင်သင်တန်းနှင့် လမ်းစဉ်လူငယ်ခေါင်းဆောင်သင်တန်းများ တက်ရောက်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် လမ်းစဉ်လူငယ် အတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

**အနုပညာခရီးအစ**

ကျောင်းတစ်ဖက်နှင့်ပင် ၁၉၈၃ ခုနှစ်မှစတင်၍ ရုပ်ရှင်လောကထဲရောက်ရှိခဲ့ပြီး "တတိယအရွယ်၏ ဒုတိယဝေဒနာ" ဇာတ်ကားကို တာဝန်ခံထုတ်လုပ်ဖြန့်ချိခဲ့သည်။ ယင်းဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုနှင့် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုတို့ ရရှိခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် (၁/၈၄) ဒါရိုက်တာ သင်တန်းတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ၁၉၈၉ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ တွဲဖက်အတွင်းရေးမှူး/ ဘဏ္ဍာရေးမှူးစသည့် တာဝန်များထမ်းဆောင်ခဲ့သည်။ ထိုသို့ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မှတ်မှတ်သားသားဖြစ်စေသည်က ရုပ်ရှင်အစည်းအရုံးအဆောက်အအုံ ဆောက်လုပ်နိုင်ရေးအတွက် လနှင့်ချီ ပြဇာတ်ကရန်ပုံငွေရှာဖွေပြီး အုတ်မြစ်ချဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

**အနုပညာမှတ်တိုင်များ**

ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများနှင့်ပတ်သက်၍ ထုတ်လုပ်မှုတာဝန်ခံအဖြစ် လေးကား၊ ထုတ်လုပ်သူအဖြစ် ၁၃ ကား၊ ဗီဒီယိုဒါရိုက်တာအဖြစ် ၂၈ကား၊ ဒီဗွီဒီဒါရိုက်တာအဖြစ် ၁၁ ကား၊ ရုပ်ရှင်ဒါရိုက်တာအဖြစ် ၁၂ကား၊ ဗွီစီဒီဒါရိုက်တာအဖြစ် ခြောက်ကား စုစုပေါင်း ၇၄ ကား ရိုက်ကူးထုတ်လုပ်ခဲ့သည်။ ထို့ပြင် တီဗွီကြော်ငြာ ဒါရိုက်တာအဖြစ် ၁၉၈၆ ခုနှစ်မှစ၍ ယနေ့အထိကြော်ငြာပေါင်း ၄၀၀ ကျော် ရိုက်ကူးပေးခဲ့သည်။

**ရုပ်ရှင်ထူးချွန်ဆုများ**

၁၉၉၄ ခုနှစ်တွင် ဒါရိုက်တာအဖြစ် "တပြည်သူမရွှေထား" ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ခဲ့ပြီး ထိုဇာတ်ကားဖြင့် အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံး ဒါရိုက်တာဆု၊ အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆု၊ အကောင်းဆုံး တေးဂီတဆု စုစုပေါင်း အကယ်ဒမီ လေးဆု ရရှိခဲ့ပါသည်။ ထိုဇာတ်ကားပြသရာနေရာတိုင်း ရုံပြည့်ရုံလျှံ၊ ထိုဇာတ်ကားဖြင့် တိုင်းသိပြည်သိ အောင်မြင်ကျော်ကြားသော ဒါရိုက်တာအဖြစ်သို့ ရောက်ရှိခဲ့သည်။

၂၀၀၂ ခုနှစ်တွင် "ချစ်ခြင်း၏ အခြားမဲ့၌" ဇာတ်ကားကို ဒါရိုက်တာအဖြစ် ဆက်လက်ရိုက်ကူးရာ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ဒါရိုက်တာအဖြစ် "လျှို့ဝှက်သောနှင်း" ဇာတ်ကားကို ရာသီဥတုဆိုးရွားပြီး အသွားအလာခက်ခဲသည့် ကချင်ပြည်နယ်အတွင်းရှိ ရေခဲတောင်များရှိရာသို့ ခဲရာခဲဆစ်သွားရောက် ရိုက်ကူးခဲ့ရာ ပရိသတ်အပေါ် စေတနာထား အပင်ပန်းခံကြိုးစားသလောက် ခရီးရောက်ခဲ့သည်။ ထိုဇာတ်ကားဖြင့် အကောင်းဆုံးဇာတ်ကားဆု၊ အကောင်းဆုံး ဇာတ်ညွှန်းဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုနှင့် အကောင်းဆုံး အသံဆုတို့ကို ရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည့် "ကြိုးကြာတောင်ပံခတ်သံ" ဇာတ်ကားဖြင့် အကောင်းဆုံး ဇာတ်ကားဆုနှင့် အကောင်းဆုံး ဇာတ်ညွှန်းဆုတို့ကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် ဒါရိုက်တာအဖြစ် "ပန်းကြာဝတ်မှုန်" စစ်ကားကို ထူးထူးခြားခြား လက်စွမ်းပြရိုက်ကူးပြန်ရာ အကောင်းဆုံး ဓာတ်ပုံဆရာနှင့် အကောင်းဆုံး အသံဆုတို့ကို ရရှိခဲ့သည်။ စင်ရော်မောင်မောင် ရိုက်ကူးထုတ်လုပ်သည့် ဇာတ်ကားများကို စုစည်းကြည့်သည့်အခါ အဆိုပါဇာတ်ကားများမှ အကယ်ဒမီ ၁၉ ခု ရရှိခဲ့သည်ကို တွေ့ရပြန်သည်။ လက်နှင့်ထိလျှင် ရွှေဖြစ်စေသည့် ထက်မြက်သော လက်ရာရှင်များထဲတွင် စင်ရော်မောင်မောင်သည်လည်း တစ်ဦးအပါအဝင်ဟု ဆိုပါက လွန်အံ့မထင်။ ရုပ်ရှင်တွင်သာမက နိုင်ငံအကျိုးပြု သမိုင်းတွင်စေသည့် သမိုင်းဝင် ဆောင်ရွက်ချက်တစ်ခုလည်းရှိပါသေးသည်။ မြန်မာနိုင်ငံ၌ လက်ခံကျင်းပခဲ့သော ၂၀၁၃ ခုနှစ် (၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားအတွက် Art Director အဖြစ် စွမ်းဆောင်နိုင်ခဲ့ခြင်းက တိုင်းပြည်အတွက် အားထားရသည့် အနုပညာရှင်ကောင်းတစ်ယောက်ဖြစ်ကြောင်း ထင်ရှားစေပါသည်။

**ပြည်ပအထိပါ ခြေဆန့်နိုင်**

ပြည်ပခရီးစဉ်များအဖြစ် ၁၉၉၇ ခုနှစ်တွင် ကမ္ဘောဒီးယား၌ ကျင်းပသော "ပထမအကြိမ် အာဆီယံရုပ်ရှင်ပွဲတော်"မှ ရွေးချယ်ဖိတ်ကြားသည့်အတွက် "တပြည်သူမရွှေထား" ဇာတ်ကားကို ပွဲတော်တက်ရောက်ရင်း ကိုယ်တိုင်ပြသခဲ့သည်။ နိုင်ငံတကာရုပ်ရှင်ပွဲတော်အနေဖြင့် ဂျပန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ မြောက်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ကျင်းပသည့် ရုပ်ရှင်ပွဲတော်များသို့ တက်ရောက်ခဲ့ပြီး ၎င်းကိုယ်တိုင် ရိုက်ကူးထုတ်လုပ်ထားသည့် "အတိတ်၏ အရိပ်"၊ "လျှို့ဝှက်သောနှင်း"နှင့် "ပန်းကြာဝတ်မှုန်"ရုပ်ရှင်ဇာတ်ကားများ ပါဝင်ပြသခဲ့သည်။

**လတ်တလောလှုပ်ရှားမှု**

၁၉၉၅ ခုနှစ်မှ ယနေ့အထိ ရန်ကုန်တက္ကသိုလ် စိန်ရတုလှုပ်ရှားမှု "ပဲခူးဆောင်ကျောင်းသားဟောင်းများဥက္ကဋ္ဌ" အဖြစ် တာဝန်ယူဆောင်ရွက်နေဆဲဖြစ်ပြီး ၁၉၉၇ ခုနှစ်တွင် နိုင်ငံတော်မှ ချီးမြှင့်သည့် လူမှုထူးချွန် (ဒုတိယအဆင့်)၊ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်မှ ချီးမြှင့်သည့် ဝိဇ္ဇာထူးချွန်(ဒုတိယအဆင့်)နှင့် ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်မှ ချီးမြှင့်သည့် "အလင်္ကာကျော်စွာ" ဘွဲ့တို့ကို ရရှိခဲ့သည်။ ယခုအခါ ဘာသာသာသနာအကျိုးအတွက် ဒါရိုက်တာအဖြစ် "မဇ္ဈိမအလင်း" အမည်ရ ဗုဒ္ဓဝင်ဇာတ်ကားကို အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားတို့တွင် သွားရောက်ရိုက်ကူးခဲ့ရာ ရိုက်ကူးမှုအားလုံး ပြီးစီးသွားပြီဖြစ်၍ အပြီးသတ်တည်းဖြတ်နေဆဲ။ ထို့ပြင် ပါမောက္ခဒေါက်တာခင်မောင်ဝင်း(အသည်း) ရေးသားသည့် "အမေနဲ့ ကျွန်တော်" ဝတ္ထုကို "ထာဝရအမေ" ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ဒါရိုက်တာအနေဖြင့် နိုင်ငံတကာအဆင့်မီ ရိုက်ကူးခဲ့ရာ ရိုက်ကူးမှုအားလုံးပြီးစီးသွားပြီဖြစ်သည်။ အမြန်ဆုံး ရုံတင်ပြသနိုင်ရေးအတွက် တည်းဖြတ်ခြင်းလုပ်ငန်းများကို စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်နေဆဲ။ မြန်မာ့ရုပ်ရှင်အတွက် များစွာအကျိုးဖြစ်စေသော ဦးမောင် (ခေါ်) အကယ်ဒမီများရှင် ဒါရိုက်တာ စင်ရော်မောင်မောင်တစ်ယောက် ရှေ့ဆက်၍ ရုပ်ရှင်ချစ်ပရိသတ်များအတွက် တိုင်းပြည်နှင့် လူမျိုးအတွက် ကိုယ်စားပြုဖြစ်စေသော၊ ဂုဏ်တက်စေသော အလင်္ကာရသမြောက် ဇာတ်ကားကောင်းများ ဆက်လက်ရိုက်ကူး ထုတ်လုပ်နိုင်ပါစေဟုဆန္ဒပြုရင်း. . .။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၉-၁၁-၂၀၁၆(အင်္ဂါနေ့)**

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ ဥပဒေရေးရာအဖြာဖြာ "မျိုးဆက်သစ်လူငယ် ရှေ့နေများအတွက် ဥပဒေရေးရာသိကောင်းစရာ အစီအစဉ်" (အပိုင်း-၁)
၉း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၁း၁၅ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအထူးအစီအစဉ်"
၁၁း၃၅ မျက်မှောက်ရေးရာသုံးသပ်စရာ
၁၂း၃၅ "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၂) (ထွန်းထွန်းဝင်း၊ ဇေယျ၊ မျိုးသန္တာထွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၂း၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၅၀)
၁း၄၀ "ဘတောဝါနေဘာရီသတိ" (ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း၊ တိုးမြတ်နိုးဝေ) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၂း၃၅ Yes or No Talk Show "မြန်မာလူထု၏ စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးရန်၊ ခေါင်းဆောင်မှုစွမ်းဆောင်ရည်မြှင့်တင်ပေးရန်" (ဘက်စုံစွမ်းအားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်တင်ဆက်နေသော ပညာပေးဖျော်ဖြေရေး) (အပိုင်း-၁)
၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၅၁)
၄း၃၅ "မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဝတ်ရွတ်အဖွဲ့ဝတ်ရွတ်စဉ်များ"
၅း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
၆း၃၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (ဇွဲနိုင်ဝင်း၊ အိချောပို)
၆း၅၀ "International News A Story Fidel Castro"
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၅၂)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ "အမျိုးသမီးများနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း" (အပိုင်း-၂)
၉း၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၅၁) "မိခင်နို့ချိုတိုက်ကျွေးရေး" (စကားရည်လုပွဲ) (ပထမပိုင်း)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့်နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အားကစားနှင့်ကာယပညာသိပ္ပံကျောင်းလေးကျောင်း ပြိုင်ပွဲများဝင်ပြိုင်မည့် ပိုက်ကျော်ခြင်းအားကစားသမားများအား တွေ့ဆုံအားပေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ အားကစားနှင့်ကာယပညာ သိပ္ပံရှိ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်း လေးကျောင်း အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ ထူးချွန်ထက်မြက်သည့် မြန်မာ့ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာရန်နှင့် မျိုးဆက်သစ်အားကစားသမားများမှတစ်ဆင့် လက်ရွေးစင် အားကစားသမားများ ပေါ်ထွန်းလာရန်အတွက် အာရှခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က နိုဝင်ဘာ ၂၅ ရက်တွင် ရန်ကုန်မြို့ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)တွင် ကျင်းပခဲ့သည့် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း၊ ထူးချွန် အားကစားသမားများ ဆုချီးမြှင့်ခြင်းနှင့် အထူးနေ့လယ်စာစားပွဲ အခမ်းအနားမစမီ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ သင်တန်းသားသင်တန်းသူများက ပိုက်ကျော်ခြင်း အားကစားသမားများကို တွေ့ဆုံပြောကြားရာတွင် အားကစားနှင့်ကာယပညာသိပ္ပံရှိ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်း လေးကျောင်း အားကစားပြိုင်ပွဲများတွင် ထူးချွန်သည့် မျိုးဆက်သစ်အားကစားသမားလက်ရွေးစင် ပေါ်ထွက်လာမှ နိုင်ငံတကာကို သွားရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ယခု လက်ရွေးစင် ပေါ်ထွက်လာမှုမရှိသည့်အတွက် ပြည်ပတွင် သွားရောက်ယှဉ်ပြိုင်မှု အားနည်းရပါကြောင်း၊ အဓိကကျသော လူငယ်မျိုးဆက်သစ်များကို ဥက္ကဋ္ဌ တစ်ယောက်အနေဖြင့် စိတ်ပိုင်းဆိုင်ရာသော် လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာသော်လည်းကောင်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲတွင် လေးယောက်တွဲ၊ သုံးယောက်တွဲ၊ နှစ်ယောက်တွဲ ပြိုင်ပွဲများ၌ ကစားနေကြသော လက်ရွေးစင် အားကစားသမားများ လူပြောင်းလဲမှု မရှိပါသဖြင့် အသက်အရွယ်အရ အနားယူသည့်အခါ အစားထိုးရန် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာဖို့အတွက် အရေးကြီးသဖြင့် ပြောင်းလဲမှုကို ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲမှုရှိဖို့အတွက် အဓိကကျသော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းစေရေးအတွက် ဥက္ကဋ္ဌက အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ သင်တန်းသားအမျိုးသား ၁၅ ဦး၊ သင်တန်းသူအမျိုးသမီး ၁၅ ဦးအား လိုအပ်သည့် ထောက်ပံ့မှုများ နှင့် စိတ်ဓာတ်ခွန်အားများ ရရှိစေရန် ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ နေပြည်တော်တွင် ကျင်းပမည့် အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်း လေးကျောင်းပြိုင်ပွဲများတွင် အောင်မြင်မှုရရှိပါက ဝတ်စုံနှင့် ဆုကြေးငွေများကို အထိုက်အလျောက် ဆုချီးမြှင့်ပေးမည့်အပြင် ချောင်းသာ(သို့မဟုတ်)ငွေဆောင်သို့ အပန်းဖြေခရီးစဉ် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(အောင်နိုင်ဝင်း)**



# ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌဖလား လေးမြို့နယ် ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

**ယင်းမာပင် နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား လေးမြို့နယ် ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညနေ ၄ နာရီက ယင်းမာပင်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားသမားများ တက်ရောက်ကြသည် ။

ဗိုလ်လုပွဲကို ဆားလင်းကြီးမြို့နယ်အသင်းနှင့် ယင်းမာပင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆားလင်းကြီးမြို့နယ်အသင်းက ယင်းမာပင်မြို့နယ်အသင်းကို အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မေသရဖူးဖူး**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဦးစီးအဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဦးစီးအဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ သထုံလမ်းရှိ တက္ကသိုလ်များ အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် ရန်ကုန်(ရုံးခွဲ)ဘောလုံးအသင်းနှင့် မန္တလေး(ရုံးခွဲ)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် မန္တလေး(ရုံးခွဲ)ဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# တရုတ်-မြန်မာချစ်ကြည်ရေးစားပွဲတင် တင်းနစ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် တရုတ်-မြန်မာချစ်ကြည်ရေး စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ တင်းနစ်အဖွဲ့ချုပ် အားကစားခန်းမတွင် နိုဝင်ဘာ ၂၆ ရက်က စတင်ကျင်းပပြီး နိုဝင်ဘာ ၂၇ ရက်တွင် ဗိုလ်လုပွဲများအပြီး ညနေပိုင်းတွင် ဆုပေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ ဆုချီးမြှင့်ပွဲတွင် အရှေ့တောင်အာရှ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်(ရွှေရှမ်းကန်)၊ ပါလီယို(ချိုင်နား)ဥက္ကဋ္ဌမစ္စတာကျုံးနှင့် စားပွဲတင် တင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ခိုင်တို့က ဆုရအသင်းများဖြစ်ကြသည့် ပထမ ပါလီယို(ချိုင်းနား)၊ ဒုတိယကာကွယ်ရေး(ခ)ပူးတွဲတတိယ ဆုရ မြန်မာ(က)နှင့် ကာကွယ်ရေး(က)အသင်းများအား ဆုတို့ကို အလှည့်ကျချီးမြှင့်ပေးပြီး ဥက္ကဋ္ဌဦးကျော်ကျော်(ရွှေရှမ်းကန်)က ပါလီယို ဥက္ကဋ္ဌမစ္စတာကျုံး အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။

တရုတ်-မြန်မာချစ်ကြည်ရေးစားပွဲတင်တင်းနစ်ပြိုင်ပွဲ ၂၀၁၆ တွင် သရုပ်ပြပွဲအဖြစ် အမျိုးသားနှင့် အမျိုး သမီးတစ်သင်းစီ၊ ပြိုင်ပွဲဝင်အသင်း ငါးသင်း စုစုပေါင်း ခုနစ်သင်း ပါဝင်ဆင်နွှဲခဲ့ကြောင်းနှင့် ဆုချီးမြှင့်ပွဲကို အောင်မြင်စွာ ကျင်းပအပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**(မြင့်အောင်)**

**နိုဝင်ဘာ ၂၇/ ၂၈ ရက်အနိုင်/အရှုံးရလဒ်များ**

**ပရီမီယာလိဂ် ပွဲစဉ်-၁၃**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဆောက်သမ်တန် | ၁ | - | ၀ | အဲဗာတန် |

**စီးရီးအေ ပွဲစဉ်-၁၄**

| | | | | |
|---|---|---|---|---|
| ရိုးမား | ၃ | - | ၂ | ပက်စ်ကာရာ |

**လာလီဂါ ပွဲစဉ်-၁၃**

| | | | | |
|---|---|---|---|---|
| ဆိုဆာဆူနာ | ၀ | - | ၃ | အက်သလက်တီကို |
| ဆယ်တာဗီဂို | ၃ | - | ၁ | ဂရန်နာဒါ |
| ဆိုစီဒက် | ၁ | - | ၁ | ဘာစီလိုနာ |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၁၂**

| | | | | |
|---|---|---|---|---|
| ဟာသာဘာလင် | ၂ | - | ၁ | မိန့်ဇ် |

**မောင်မောင်ဇော်**

# ဘာစီလိုနာသို့ ပြောင်းရွှေ့မည်မဟုတ်ဟု တိုနီခရူးစ် ပြောကြား



ဂျာမနီအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ အားထားရသည့် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ တိုနီခရူးစ်သည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည်မဟုတ်ဘဲ ရီးယဲလ်မက်ဒရစ်အသင်း၌သာ ကစားသမားဘဝကို အဆုံးသတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား တိုနီခရူးစ်၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၂၂ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည့်အပြင် ရီးယဲလ်မက်ဒရစ်အသင်းကို စွန့်ခွာပြီး ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ကစားရန် အစီအစဉ်မရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

နာမည်ကြီးကစားသမားဟောင်းကြီးများဖြစ်ခဲ့သည့် မိုက်ကယ်လောဒရပ်၊ လူးဝစ်ဟင်းနရစ်၊ လူးဝစ်ဖီဂိုနှင့် ရော်နယ်ဒိုတို့သည် ၎င်းတို့၏ ကစားသမားဘဝတစ်လျှောက်တွင် ကလက်စီကိုပြိုင်ဘက် နှစ်သင်းစလုံးတွင် ကစားခဲ့သော်လည်း တိုနီခရူးစ်ကမူ ကလက်စီကိုပြိုင်ဘက်နှစ်သင်းစလုံးတွင် ပါဝင်ကစားရန် စိတ်မဝင်စားကြောင်း ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား တိုနီခရူးစ်သည် ပြီးခဲ့သည့်သတင်းပတ်က ဆန်တီယေဂိုဘာနေဗျူးတွင် ၂၀၂၂ ခုနှစ်အထိ ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းကြောင့် တိုနီခရူးစ်၏ အသက်(၃၂)နှစ်အထိ ရီးယဲလ်မက်ဒရစ်အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်းလည်း သိရသည်။

တိုနီခရူးစ်အနေဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒမရှိခဲ့သော်လည်း ဘာစီလိုနာအသင်းကမူ တိုနီခရူးစ်အား ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။

**(ငွေကြယ်)**

# ဆန်းချက်ဇ်အား ဆက်ထိန်းထားရန် ငွေကြေးများစွာသုံးစွဲမည်ဟု ဝင်းဂါးဆို

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် လက်ရှိအသင်းတွင် ခြေစွမ်းပြကစားလျက်ရှိသည့် ချီလီတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်အား အာဆင်နယ်အသင်းတွင် ဆက်ရှိနေစေရေးအတွက် ငွေကြေးများစွာသုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဆန်းချက်ဇ်သည် လာမည့်ဘောလုံးရာသီအကုန်တွင် ၎င်း၏ စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး ယင်းစာချုပ်သက်တမ်းကုန်ဆုံးပါက အမ်းမရိတ်ကို စွန့်ခွာမည်ဆိုသည့် သတင်းများလည်းထွက်ပေါ်လျက်ရှိကြောင်းသိရသည်။ သို့ရာတွင် နည်းပြအာစင်ဝင်းဂါးကမူ ဆန်းချက်ဇ်အား အာဆင်နယ်အသင်း၌ ဆက်ရှိရေးအတွက် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဘုန်းမောက်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

အလက်ဇစ်ဆန်းချက်ဇ်သည် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး အာဆင်နယ်အသင်းကိုလည်း ဇယားထိပ်တွင် ဦးဆောင်နေသည့် ချယ်လ်ဆီးအသင်းနှင့် သုံးမှတ်အကွာအနေအထားသို့ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ဆန်းချက်ဇ်သည် အာဆင်နယ်အသင်းသို့ ရောက်ရှိလာခဲ့သည့် ၂၀၁၄ ခုနှစ်ကတည်းက အာဆင်နယ်အသင်းအတွက် အဓိကအရေးပါသည့်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီး တောင်ပံရော တိုက်စစ်ပါ ကစားနိုင်သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

ဆန်းချက်ဇ်သည် လက်ရှိအချိန်တွင် အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၁၈ ပွဲအထိ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်အထိ ဖန်တီးပေးထားနိုင်ခဲ့ခြင်းကြောင့် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်း၏ ခေါ်ယူရန်ပစ်မှတ်ထားမှုကို ခံထားရသူလည်းဖြစ်သည်။

**(ငွေကြယ်)**

# ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆွေးနွေး



**မြစ်ကြီးနား နိုဝင်ဘာ ၂၈**

ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ လိုအပ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မဏ္ဍိုင်နှစ်ရပ်အကြား အပြန်အလှန်ထိန်းကျောင်း၍ ပူးပေါင်းညှိနှိုင်းမှုဖြင့် လျင်မြန်စွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်က မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်တို့က အမှာစကားပြောကြားကြပြီး ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးများအတွင်း အတည်ပြုခဲ့သည့် အစိုးရ၏ကတိကဝတ်များနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များ၊ ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်များရေးဆွဲ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းအရည်အသွေးများ စိစစ်၍ ပိုမိုကောင်းမွန်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်ပေါ်လာစေရန် ဒေသအလိုက် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နိုင်ရေး၊ လယ်ယာမြေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းနိုးပွင့်လင်းစွာဖြင့် အပြန်အလှန်အကြံပြုဆွေးနွေးကြရာ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ ဆွေးနွေးနိုင်ခဲ့သည့်အတွက် ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်နိုင်မည့်အပြင် ပြည်သူများ၏လိုအပ်ချက်များအတိုင်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အစိုးရအဖွဲ့အနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်နေသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်နိုင်မည်ကို ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ်တွင် လူငယ်တွေ့ဆုံပွဲကျင်းပ

**ဆိပ်ဖြူ နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်နှင့် ဆိပ်ဖြူမြို့နယ် လူငယ်ကွန်ရက်တို့ဦးဆောင်မှုဖြင့် လူငယ်တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက ယောဝရပ်ကွက် ပုဗ္ဗာရုံကျောင်းတိုက်၌ ပြုလုပ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတက်ရေးအတွက် လူငယ်များက ပူးပေါင်းပါဝင်ဆောင်ရွက်လာစေပြီး လူငယ်ကဏ္ဍမြင့်မားလာရေး၊ လူငယ်များအနေဖြင့် ဒေသတွင်း၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်မှုအခန်းကဏ္ဍကို ပိုမိုသိရှိလာစေရန်၊ လူငယ်တို့၏အခွင့်အရေးဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ကိုယ်တိုင်ဖော်ထုတ် တင်ပြတောင်းဆိုလာနိုင်စေရန်၊ လူငယ်များအနေဖြင့် အတူပူးပေါင်းဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရေးဆွဲနိုင်ရန်နှင့် ရွေးကောက်ခံကိုယ်စားလှယ်များ၏ အရေးပါမှုများအား ပြန်လည်မျှဝေ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လူငယ်တွေ့ဆုံပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လူငယ်တွေ့ဆုံပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းအောင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျော်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးမြင့်အောင်၊ မြို့နယ် စေတနာလူမှုဝန်ထမ်းအရာရှိ ဦးလှဖုန်းတို့က အမှာစကားများပြောကြားပေးခဲ့ပြီး မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်ညှိနှိုင်းရေးမှူး ဦးသင့်ထက်ဝေက လူငယ်ကွန်ရက်ဖွဲ့စည်းမှုသမိုင်းနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြို့နယ် လူငယ်ကွန်ရက် ကိုယ်စားလှယ် ဒေါ်ဝင်းဝင်းမော်က ဆွေးနွေးဆောင်ရွက်မည့် လူငယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ၊ တိုင်းဒေသကြီး၊ မြို့နယ်လူငယ်ကွန်ရက်မှ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ပြီး ၎င်းလူငယ်တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## မီးဘေးကြိုတင်ကာကွယ်ရေး စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေးပြီး အသိပညာပေးဟောပြော

**မလှိုင် နိုဝင်ဘာ ၂၈**

မလှိုင်မြို့နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ဒေသခံပြည်သူများ မီးဘေးလုံခြုံမှုရှိစေရေးနှင့် မီးလောင်ဆုံးရှုံးမှုတန်ဖိုး လျော့နည်းကျဆင်းရေးအတွက် မြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ကြီးများအား မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကို နိုဝင်ဘာ ၂၅ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးသည် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်လွင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးသောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်းရှိ ယုဝအောင်၊ New Force၊ Home Sweet၊ ဆီဆိုင်မင်း၊ Green Power စသည့် စက်သုံးဆီအရောင်းဆိုင်များအား မီးသတိမူရေးလုပ်ငန်းများ၊ မီးသတ်ဆေးဘူးများ ဆေးရည်ရှိ-မရှိ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တစ်ဆိုင်ချင်းစစ်ဆေးပြီး အသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယင်းအပြင် မြို့နယ်မီးသတ်ဦးစီးမှူးက စက်သုံးဆီအရောင်းဆိုင်မှ ဝန်ထမ်းများအား မီးသတ်ဆေးဘူးအသုံးပြုနည်းကို ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြိမ်းသတ်နည်းကို သရုပ်ပြသပေးခဲ့ကြောင်း သိရသည်။ **အောင်ငွေး(မလှိုင်)**




## ကျေးရွာပြည်သူလူထုအခြေပြု(ရွေ့လျား)ကျန်းမာရေး ဆေးကုသဆောင်ရွက်ခြင်းနှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာတွင် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံ မိခင်နှင့်ကလေး ဗဟိုမှ ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု (ရွေ့လျား)ကျန်းမာရေးဆေးကုသဆောင်ရွက်မှုနှင့် လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲကို ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ IPPS အဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းအဆင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ NGO များနှင့် တာဝန်ရှိသူများက ဟောပြောခြင်းနှင့် ကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။



ဟောပြောပွဲတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဗဟိုမှ အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက ဆေးကုသပေးရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ဒေါက်တာသက်နိုင်ဦးက ဇီကာဗိုင်းရပ်စ်အကြောင်းနှင့် မကူးစက်တတ်သော နာတာရှည်ရောဂါများဖြစ်သည့် နှလုံးရောဂါ၊ သွေးတိုးနှင့် ဆီးချိုအကြောင်းများကို အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ဒေါက်တာစန်းစန်းလှိုင်နှင့်အဖွဲ့က ကိုယ်ဝန်ဆောင်မိခင်များကို အန္တရာယ်ကင်းသော မိခင်ဘဝအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးကာ ဒေါက်တာအိအိမောင်က ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးအကြောင်း အသိပညာပေးခြင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် IPPS အဖွဲ့တို့မှ ပူးပေါင်း၍ လူကုန်ကူးခံရမှုကာကွယ်ရေးနှင့်ပတ်သက်သည့်အကြောင်းများကို ဟောပြောခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဗဟိုနှင့် တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းများ၊ ကိုယ်ဝန်ဆောင်များအတွက် တစ်ခါသုံးမွေးထုပ်များ၊ အနှီးပိတ်နှင့် ကလေးအင်္ကျီများ၊ အိုင်အိုဒင်းဆား၊ သွားတိုက်တံနှင့် ဆပ်ပြာများ ထောက်ပံ့ခြင်းနှင့် သက်ကြီးဘိုးဘွား ၁၆၀ အား အာဟာရများ ထောက်ပံ့ပေးခဲ့ကြသည်။

အဆိုပါဆေးကုသရေးသို့ မျက်စိဝေဒနာရှင် ၆၇ ဦး၊ သွားဝေဒနာရှင် ကိုးဦး၊ သားဖွားမီးယပ်ဝေဒနာရှင် ၂၃ ဦးနှင့် အထွေထွေရောဂါဝေဒနာရှင် ၁၂၉ ဦး စုစုပေါင်း ၂၂၈ တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုလင်း(ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှုခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ပညာပေး

**ပွင့်ဖြူ နိုဝင်ဘာ ၂၈**

ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာအုပ်စု သစ်ချိုကုန်းကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ပွင့်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှူးမှ နိုဝင်ဘာ ၂၅ ရက် ညနေ ၃ နာရီက သက်ငယ်မုဒိမ်းမှုခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲတစ်ရပ်ပြုလုပ်ခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသား ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သက်ငယ်မုဒိမ်းမှုခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျေးရွာသူ၊ ကျေးရွာသားများအား အမျိုးသမီးငယ်များအနေဖြင့် ညအချိန်မတော် အဖော်မဲ့သွားလာခြင်းမပြုရေး၊ နေအိမ်တွင် တစ်ဦးတည်းနေထိုင်မှုမပြုရေး၊ ငယ်ရွယ်မသိနားမလည်သူများအား အယုံသွင်း၍ လိမ်လည်ခေါ်ယူခြင်းများအား လိုက်ပါခြင်းမပြုရေး၊ လယ်၊ ယာများသို့ အမျိုးသမီးငယ်များအနေဖြင့် တစ်ဦးတည်းသွားလာမှုမပြုရေး၊ အမျိုးသားများနှင့် ဆိတ်ကွယ်ရာတွင် တွေ့ဆုံမှုမပြုရေးတို့နှင့်စပ်လျဉ်း၍ မြို့နယ်ရဲတပ်ဖွဲ့မှူးက ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

"သက်ငယ်မုဒိမ်းမှုခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ပညာပေးလုပ်ငန်းများကို မိမိတို့မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာပြည်သူများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ကွင်းဆင်းသွားရောက်ကာ ပညာပေးဟောပြောမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း အပ်ချုပ်သင်တန်းဆင်း

**ပုသိမ် နိုဝင်ဘာ ၂၈**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂)ရက်ကွက်ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း အပ်ချုပ်သင်တန်း ဇာထိုးပန်းထိုးနှင့် မြန်မာအစားအစာပြုလုပ်ခြင်း သင်တန်း (၇/၂၀၁၆) သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က သင်တန်းကျောင်း ခန်းမ၌ ကျင်းပခဲ့သည်။

တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက အမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်သူများအနေဖြင့် ကျွမ်းကျင်စွာချုပ်လုပ်နိုင်၍ မိမိကိုယ်တိုင်ရပ်တည်နေနိုင်ရေး၊ မိသားစုအိမ်အတွင်း တစ်နိုင်စီးပွားရေး ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ပိုင်ဝင်ငွေ၊ မိသားစုဝင်ငွေများဖြင့် ဘဝအတွက် အကျိုးကျေးဇူးများစွာရရှိအောင် ယခုကဲ့သို့ လူမှုဝန်ထမ်းဦးစီးဌာနမှ တစ်နိုင်ငံလုံးတွင် ကျောင်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်သည်။

သင်တန်းသို့ တက်ရောက်သူ စုစုပေါင်း ၁၆၂ ဦး ရှိပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၁၇၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## ကျောင်းသား၊ ကျောင်းသူများအား အမှိုက်စီမံခန့်ခွဲမှုနှင့် စွန့်ပစ်ခြင်းဆိုင်ရာ အမှုအကျင့်ကောင်းများရရှိစေရန် ပညာပေးဟောပြော

**ဗဟန်း နိုဝင်ဘာ ၂၈**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ခေတ္တဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်နှင့် လက်ထောက်ဌာနမှူး ဒေါက်တာခင်နှင်းအေး၊ အနောက်ပိုင်းခရိုင်မှူး ဦးအောင်ထိုက်တို့ဦးဆောင်ကာ နိုဝင်ဘာ ၂၅ ရက်က ဗဟန်းမြို့နယ် အ-ထ-က(၂)ကျောင်းသို့လာရောက်ကာ ကျောင်းသား၊ ကျောင်းသူလေးများမှတစ်ဆင့် မိဘပြည်သူများထံသို့ အမှိုက်နှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများ ဗဟုသုတရရှိစေရန် ပညာပေးဟောပြောခဲ့ကြသည်။

ခေတ္တဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ဌာနမှူး ဒေါက်တာခင်နှင်းအေးနှင့် ခရိုင်မှူး ဦးအောင်ထိုက်တို့က ရန်ကုန်မြို့၏ အမှိုက်ထွက်ရှိမှုအခြေအနေ၊ အမှိုက်စီမံခန့်ခွဲမှုအနေဖြင့်လာမည့် ၂၀၁၇ ခုနှစ်တွင် အမှိုက်မီရှို့စက် စတင်လည်ပတ်မှု အခြေအနေနှင့် အမှိုက်များအား အစို၊ အခြောက် ခွဲခြားစွန့်ပစ်ပေးနိုင်မှု အမူအကျင့်ကောင်းများ၊ အမှိုက်လျှော့ချမှု နည်းလမ်းကောင်းများအား ပညာပေးဟောပြောသည်။

မှန်ကန်စွာ အမှိုက်စွန့်ပစ်မှုအား ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ပါဝင်သည့် ဂိမ်းကစားနည်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ထို့နောက် အနိုင်ရရှိသူတို့အား လက်ဆောင်ပစ္စည်းများပေးအပ်ကာ ကျောင်းအတွက်လိုအပ်သည့် အမှိုက်အိတ်နှင့် အမှိုက်ပုံးများအား ခရိုင်မှူး ဦးအောင်ထိုက်နှင့် မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးမျိုးသူနိုင်တို့က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးမှ လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **၅၉၇**



## တနင်္သာရီတိုင်းဒေသကြီးအတွင်းကျွန်းစုများမှ သန္တာကျောက်တန်းပျက်စီး

**ရေး နိုဝင်ဘာ ၂၈**
တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သန္တာကျောက်တန်း အဓိကပျက်စီးလာခြင်းမှာ တရားမဝင် ငါးဖမ်းကိရိယာတွေနဲ့ ငါးဖမ်းသင်္ဘောတွေက ကမ်းခြေအထိဝင်ရောက်လာကာ မိုင်းဗုံးခွဲအဆိပ်ငွေ့တွေကြောင့် သန္တာကျောက်တန်းပျက်စီးမှုများ ဖြစ်ပေါ်နေလျက်ရှိကြောင်း သိရသည်။



ထားဝယ်မြို့ ဒေသခံ ငါးဖမ်းသင်္ဘောဦးစီး ဦးဝင်းမိုးခိုင်က "ငါးဖမ်းသင်္ဘောတွေက သန္တာကျောက်တန်းရှိတဲ့ နေရာတွေမှာ ငါးဖမ်းပိုက်တွေနဲ့ ဖမ်းလို့မရပေမယ့် ဒိုင်းနမိုက်တွေနဲ့ ဗုံးခွဲလို့ နှစ်ပိဿာနဲ့ ငါးပိဿာအကြားမှာဝင်တဲ့အိုးနဲ့ခွဲကာ ငါးဖမ်းစက်လှေငယ်တွေနဲ့ ဖမ်းတာတွေရှိတဲ့အခါ သန္တာကျောက်တန်း ပျက်စီးတာတွေ ရှိနေပါတယ်" ဟု ပြောသည်။

တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနတိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးမြင့်ရွှေက "အဓိက သန္တာကျောက်တန်းပျက်စီးလာတာက ရာသီဥတုပူနွေးလာမှုကြောင့် ရေပူရေနွေး ပြောင်းလဲမှုကြောင့်လည်း ဖြစ်တယ်။ လူတွေငါးဖမ်းကိရိယာနဲ့ ရေငုပ်ဆူးနဲ့ထိုးပြီး လိုက်ဖမ်းတာရယ်၊ ကျောက်တန်းကိုခုတ်ယူပြီး အလှဆင်တွေမှာ အသုံးပြုတာရယ်နဲ့ ငါးဖမ်းသင်္ဘောမှ ငါးဖမ်းကိရိယာတွေ ဗုံးခွဲအဆိပ်ငွေ့ကြောင့် ပျက်စီးနေတဲ့အပြင် ဒီရေတောသစ်တောတွေပြုန်းတီးလာတဲ့အခါ ဒီရေတောကနေ နုန်းအနည်အနှစ်တွေ စီးကျလာပြီး သန္တာကျောက်တန်းတွေကိုဖုံးအုပ်သွားခြင်းဖြစ်တယ်" ဟု ပြောသည်။

သန္တာကျောက်တန်း အများစုကို မြိတ်၊ ကော့သောင်းကျွန်းစုတွင် အများဆုံးရှိ၍ ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့်အခါ တရားမဝင်ငါးဖမ်းဆီးခြင်းဖြင့် သန္တာကျောက်တန်း ပျက်စီးမှုရှိနေသော်လည်း ယခုလက်ရှိနှစ်အတွင်းမှာ ဒေသခံတွေကိုပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် ပြည်ပခရီးသွားတွေကိုလည်း သန္တာကျောက်တန်းလေ့လာရာတွင် ညှိလမ်းညွှန်ဖြင့်သာ ခွင့်ပြုခြင်းကြောင့် ယခင်ကထက် သန္တာကျောက်တန်းပျက်စီးမှု ထိခိုက်လျော့နည်းလာနေလျက်ရှိကြောင်း သိရသည်။

ပင်လယ်အတွင်းရှိ ငါးသယံဇာတသည် သန္တာကျောက်တန်းများကို အခြေပြုနေထိုင်ကာ သားကောင်များပေါက်ပွားခြင်း၊ ကြီးကောင်ဝင်လာသည့် အချိန်တွင် တချို့ငါးများက ကျောက်ကြို ကျောက်ကြားတွင်သာ ရှင်သန်လာပြီး သားပေါက်ချိန်တွင်လည်း ပြန်ဝင်လာကြကာ အိမ်များကဲ့သို့ နေထိုင်သောဂေဟစနစ်ဖြစ်ရာ ပျက်စီးခဲ့လျှင် အုပ်စုလိုက်ငါးများ ရွှေ့ပြောင်းသွားတတ်သဖြင့် ငါးမျိုးတုံးခြင်းလည်းဖြစ်၍ ငါးပေါက်ပွားရာ သန္တာကျောက်တန်းများသည် ငါးခန္ဓာကိုယ်မှ ဘက်တီးရီးယားများကို စားသုံးကာ တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီပြုနေထိုင်ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## ရေစီးရေလာ ကောင်းမွန်ရေး ချောင်းမြောင်းထဲ အမှိုက်ပစ်သည့် အမူအကျင့် ဆင်ခြင်သင့်

**ရန်ကုန် နိုဝင်ဘာ ၂၈**
ရန်ကုန်မြို့တွင် စည်းကမ်းမဲ့အမှိုက်ပစ်မှုများ ကင်းစင်စေရေးအတွက် သန့်ရှင်းရေးဌာနမှ သိမ်းဆည်းရှင်းလင်းပေးနေသကဲ့သို့ ပရဟိတအဖွဲ့နှင့် အများပြည်သူတို့ စုပေါင်းအမှိုက်ကောက်ပွဲများ မကြာခဏဆောင်ရွက်မှုများ ရှိနေသော်လည်း အချို့သောသူများက ရေနုတ်မြောင်း ထဲ အမှိုက်စွန့်ပစ်သည့် အမူအကျင့်များရှိနေသဖြင့် ချောင်းမြောင်းအချို့ ပိတ်ဆို့မှုဖြစ်ပေါ်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်က လှိုင်မြို့နယ် အမှတ် (၁) ရပ်ကွက် အောင်ရတနာလမ်းနှင့် အောင်မေတ္တာလမ်းရှိ ရေနုတ်မြောင်းများ ပိတ်ဆို့မှုဖြစ်ပေါ်နေ၍ စည်ပင်သာယာမှ ရေစီးရေလာကောင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြင်တွေ့ရသည်။

"အမှိုက်စွန့်ပစ်ဖို့ အမှိုက်ပုံးတွေ ဖြန့်ကြက်ပေးထားပါတယ်။ ကြုံသလို ချောင်းမြောင်းထဲ အမှိုက်စွန့်ပစ်တဲ့ အမူအကျင့်တွေကို ဆင်ခြင်သင့်တယ်။ မြို့တော်သန့်ရှင်းသာယာဖို့အတွက် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်စေချင်တယ်" ဟု ယင်းလုပ်ငန်းခွင်မှ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက ပြောသည်။

အောင်ရတနာလမ်းနှင့် အောင်မေတ္တာလမ်းရှိ ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်များကို သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများ၊ လမ်းတံတားဌာနမှ လုပ်သားများက ဆယ်ယူရှင်းလင်းကြရာ ရေသန့်ဘူးခွံ၊ အချိုရည်ဘူးခွံ၊ စားသောက်ကုန် ထုတ်ပိုးခွံ ဖော့ဘူးများနှင့် ကြွပ်ကြွပ်အိတ်တို့ကို အများဆုံး မြင်တွေ့ရသည်။

လှိုင်မြို့နယ်ကို ရပ်ကွက်ကြီး ၁၆ ရပ်ကွက်ဖြင့် စုဖွဲ့ထားပြီး ဒေသတွင်းနေထိုင်သူများ အမှိုက်စွန့်ပစ်ရန် အမှိုက်ပုံး ၂၄၇ ပုံးကို မြို့နယ်အတွင်း ဖြန့်ကြက်ပေးထားသည်ဟုဆိုသည်။ ထို့အတူ ဒေသတွင်းနေ့စဉ် စွန့်ပစ်အမှိုက်တန်ချိန် ၁၀၀ ခန့်ကိုလည်း သန့်ရှင်းရေးဌာနမှ နေ့စဉ်အချိန်မှန် သိမ်းဆည်းပေးနေသည်ဟု မြို့နယ်သန့်ရှင်းရေးဌာန တာဝန်ခံ၏ ပြောဆိုမှုအရ သိရသည်။

**မောင်သုည**

## ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်အထိမ်းအမှတ် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**လောင်းလုံး နိုဝင်ဘာ ၂၈**
အသက် ၁၈ နှစ်အောက်လူသားအားလုံးကို ကာကွယ်စောင့်ရှောက်ဖို့ ကမ္ဘာ့စံချိန်စံညွှန်းတွေကို ဖော်ညွှန်းထားသည့် လူ့အခွင့်အရေးသမိုင်းကြောင်းမှာ နိုင်ငံပေါင်း ၁၉၄ နိုင်ငံက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံလက်မှတ်ရေးထိုးထားသော သဘောတူစာချုပ်တစ်ခုဖြစ်သည့် (၂၇) ကြိမ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်အထိမ်းအမှတ် နှစ်ပတ်လည်နေ့အခမ်းအနားကို မြို့နယ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကော်မတီနှင့် ဝေါလ်ဗီရှင်(လောင်းလုံး)တို့ ပူးပေါင်း၍ ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကမြောကြီးကျေးရွာအုပ်စု ကဘူကျေးရွာ ကဘူတောင်ဘောလုံးကွင်း၌ နိုဝင်ဘာ ၂၆ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်ထွန်းနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီရွှေတို့က အဖွင့်အမှာစကား ပြောကြားပြီး ဝေါလ်ဗီရှင်မှ စီမံချက်မန်နေဂျာ ဦးဝမ်းထွန်းက ၂၀၁၆ ခုနှစ်တွင် ကလေးသူငယ်ဖြစ်ရပ်ပေါင်း ၁၄၃ ခု ဖြစ်ပွားခဲ့ပြီး ကလေးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုအမျိုးမျိုး တွေ့ရှိရကြောင်း၊ ဝေါလ်ဗီရှင်၏ စီမံချက်မြို့နယ် ၃၄ မြို့နယ်မှ တွေ့ရှိရသော ဖြစ်ရပ်များဖြစ်ပြီး ကလေးများကို လွဲမှားစွာပြုကျင့်မှုများ၊ လျစ်လျူရှုခြင်းများ၊ ခေါင်းပုံဖြတ်မှုများနှင့် အကြမ်းဖက်မှုများစသည့်ပြဿနာများကို မိမိတို့ရပ်ရွာအပါအဝင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့တစ်လွှား၌ ဖြစ်ပွားနေကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ဝေါလ်ဗီရှင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတာဝန်ခံ ဦးမောင်မောင်သိုက်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကြောင်းဆွေးနွေးတင်ပြကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)လောင်းလုံး**



## ကျောင်းပိတ်ရက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေး

**ပဲခူး နိုဝင်ဘာ ၂၈**
ပဲခူးမြို့နယ် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှု မပျက်စေရေးအတွက် ကျောင်းပိတ်ရက်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၆ ရက် နံနက်က ပဲခူးမြို့ အမှတ် ၇ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ပြုလုပ်ပေးခဲ့သည်။

ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးတင့်ဦးဆောင်သော ဝန်ထမ်းများက ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမြင့်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ပူးပေါင်းပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသော ကျောင်းသား၊ ကျောင်းသူ ၄၀၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **၅၈၈**

# ပညာတော်၍ နိုင်ငံကိုအလုဆင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန်ပြောကြား



**စစ်တွေ နိုဝင်ဘာ ၂၈**
နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ စစ်တွေမြို့ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့မိသားစုများနှင့်ဝေးကွာပြီး ဘဝတိုးတက်ရေးအတွက် ပညာသင်ကြားကြရာတွင် တစ်ဦးနှင့်တစ်ဦးချစ်ချစ်ခင်ခင် နေထိုင်သွားကြရန်နှင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို မှတ်သားကာ သင်တန်းကျောင်းမှ ချမှတ်ထားသော စည်းကမ်းများကို လိုက်နာကြရန်၊ ကျန်းမာရေးကောင်းမွန်အောင် အထူးဂရုပြုနေထိုင်ကြရန်၊ ပညာတော်၍ နိုင်ငံကိုအလှဆင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန် အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း စစ်တွေကျောင်းအုပ်ကြီး ဦးကျော်သန်းက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများအား မှတ်စုစာအုပ်၊ ဘောလ်ပင်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာမွှေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် သင်တန်းကျောင်းအတွင်း ကျောင်းသား၊ ကျောင်းသူများ အိပ်ဆောင်၊ ထမင်းချက်ဆောင်၊ ထမင်းစားဆောင်တို့အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှုမရှိစေရေး သစ်ကိုင်းချုံနွယ်များ ရှင်းလင်း

**ကျိုင်းတောင်း နိုဝင်ဘာ ၂၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ဒေသခံပြည်သူများပူးပေါင်းမှုဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ကျိုင်းတောင်းမြို့နှင့် ရေအားလျှပ်စစ်စီမံကိန်း (အောက်ကျိုင်းတောင်း) အကြား သွယ်တန်းထားသော မီးကြိုးများနှင့် ထိစပ်နေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို နိုဝင်ဘာ ၂၆ ရက်က စတင်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရှင်းလင်းဆောင်ရွက်နေမှုအား ကျိုင်းတောင်းမြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းမင်းထွေးနှင့် မြို့နယ်လျှပ်စစ်မှူး ဦးတင်သန်းတို့ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့ကရိတ်မြို့လှိုင်ဝစစ်ဆေးရေးဂိတ်တွင် တရားမဝင်တင်သွင်းလာသော အေးခဲကြက်သားအိတ်များဖမ်းဆီးရမိ

**ကော့ကရိတ် နိုဝင်ဘာ ၂၈**
ကော့ကရိတ်မြို့ လှိုင်ဝစစ်ဆေးရေးဂိတ်တွင် တရားမဝင်တင်သွင်းလာသော CP တံဆိပ် အေးခဲကြက်သားအိတ်များ ဖမ်းဆီးရမိခဲ့ကြောင်း လှိုင်ဝစစ်ဆေးရေးဂိတ် တာဝန်ကျရဲအုပ် ဘုန်းကျော်နိုင်ထံမှ သိရသည်။

"ကျွန်တော်တို့ နိုဝင်ဘာ ၂၅ ရက် ည ၈ နာရီခွဲက ကျွန်တော်ဦးစီးအဖွဲ့ရယ်၊ ကော့ကရိတ်မြို့နယ် တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်း တရားမဝင်တင်သွင်းတင်ပို့မှု တားဆီးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးရာဇာအေး (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ အတွင်းရေးမှူး ဒေါက်တာရွှေမောင် (ဦးစီးအရာရှိ၊ မြို့နယ်တိမွေးကု) တို့ ဂိတ်မှာ စစ်ဆေးဆောင်ရွက်နေစဉ် မြဝတီမြို့ဘက်မှ ဘားအံမြို့ဘက်ကို မောင်းနှင်လာသော TOYOTA HILUX MIGHTY-X အမျိုးအစားယာဉ်တစ်စီးကို တားဆီးစစ်ဆေးရာမှာ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပါတယ်" ဟု လှိုင်ဝစစ်ဆေးရေးဂိတ် တာဝန်ကျရဲအုပ်ဘုန်းကျော်နိုင်က ဆိုသည်။

အဆိုပါဖမ်းဆီးရမိသော ကားအားဆက်လက်စစ်ဆေးရာ ယာဉ်မောင်း မိုက်မိုက်(၃၁)နှစ် (ဘ) ဦးကျားသုံးကောင်၊ ဝဲကရင်ကျေးရွာ ဘားအံမြို့နယ် နေထိုင်သူမောင်းနှင်လာပြီး ကားပေါ်တွင် CP တံဆိပ်ပါ အေးခဲကြက်သားဆာလာအိတ်တစ်အိတ်လျှင် တစ်ကီလိုဂရမ်အထုပ် ၄၀ ပါ ဆာလာအိတ် ၁၉ အိတ်၊ စုစုပေါင်း ၇၆၀ ကီလိုအား သိမ်းဆည်းရမိခဲ့ပြီး အဆိုပါပစ္စည်းများအား ကော့ကရိတ်မြို့မရဲစခန်းတွင် သိမ်းဆည်းခဲ့ပြီး နိုဝင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် တိမွေး/ကုနှင့် စားသုံးသူကာကွယ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့ စုံညီစွာဖြင့် စည်ပင်အမှိုက်ပစ်ကွင်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



## မြဝတီမြို့ လေးကေ့ကော်မြို့သစ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ မှိုမွေးမြူစိုက်ပျိုးရေးသင်တန်းဖွင့်လှစ်

**မြဝတီ နိုဝင်ဘာ ၂၈**
ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ လေးကေ့ကော်မြို့သစ်တွင် လက်ရှိနေထိုင်နေသည့် ဒေသခံများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၊ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအတွက် ခိုင်မာသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိစေရန် ကျွမ်းကျင်သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက မှိုမွေးမြူစိုက်ပျိုးရေးသင်တန်းဖွင့်ပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။



ရွှေဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားရာ သဘာဝကထွက်ရှိသော မှိုမျိုးသာရှိခဲ့သော်လည်း ယခုဆို ခေတ်မီစိုက်ပျိုးနည်းပညာများဖြင့် မှိုမွေးမြူနည်း၊ မျိုးပွားနည်းမှစ၍ သင်ကြားပေးမှာဖြစ်သည့်အတွက် ကိုယ်တိုင်ထုတ်ယူနိုင်မှာဖြစ်ကြောင်း၊ အချိန်မရွေး မိမိတတ်ထားသည့်ပညာဖြင့် ကိုယ်တိုင်မျိုးစေ့ထုတ်နိုင်မှာဖြစ်၍ မှိုမျိုးစေ့ဖြန့်ဖြူးနိုင်ပြီး ဈေးကွက်တစ်ခု ဖော်ဆောင်နိုင်ကာ မိသားစုပေါင်းများစွာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှာဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုပြည်နယ်ဦးစီးမှူး ဒေါ်ခင်သီနွယ်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ ယခုသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြင့် ဈေးကွက်ရှိပြီး ကာလတိုအတွင်း ဝင်ငွေပြန်လည်ရရှိနိုင်သော မှိုစိုက်ပျိုးမွေးမြူရေးဖြင့် တစ်ဦးချင်းဝင်ငွေတိုးတက်စေမှာဖြစ်ကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ အခု ဒီသင်တန်းကပို့ချတဲ့နည်းပညာတွေနဲ့ မိသားစုဝင်ငွေတိုးလာမယ်လို့ ယုံကြည်ပါတယ်။ မှိုဆိုတာ ဈေးကွက်လည်းရှိပြီးသားဆိုတော့ ဒါကတော့ တော်တော်လေးအဆင်ပြေတာပေါ့နော်"ဟု သင်တန်းသား တစ်ဦးက ပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ၈ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုပြည်နယ်ဦးစီးမှူးနှင့် နည်းပြများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းရွှေနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ဘလောက်အုတ်လုပ်ငန်းလုပ်ကိုင်သူများအဆင်ပြေ

**တံတားဦး နိုဝင်ဘာ ၂၈**
တံတားဦးမြို့နယ်တွင် အဆောက်အအုံများ ဆောက်လုပ်ရာတွင် မြေအုတ်များအစား ဘလောက်လုပ်များ အသုံးပြုမှု တွင်ကျယ်များပြားလာကြောင်း ဒေသခံဘလောက်အုတ်လုပ်ငန်း ဆောင်ရွက်သူများထံမှ သိရသည်။

အဆိုပါဘလောက်အုတ်များပြုလုပ်ရာတွင် ဘိလပ်မြေတစ်အိတ်လျှင် ဆန်ခါချပြီး သဲကျောက် ၂၅ ပုံးထည့်ကာ ရေအနည်းငယ်သာထည့်၍ ရောစပ်ရသည်။ ရောစပ်ပြီးသောအရာများကို အင်ဂျင်စက်ဖြင့်လည်ပတ်နေသော စက်ပေါ်သို့တင်ကာ အုတ်လုပ်စက်ကိုင်တွယ်နေသည့် လုပ်သားတစ်ဦးက အုတ်ပုံစံရရှိအောင် အလျားတစ်ပေ၊ အနံ ၃ လက်မခွဲ၊ အမြင့် ၅ လက်မခန့်ရှိ ပုံစံခွက်ရှစ်ခုပါရှိပြီး စက်၏နှိပ်အားဖြင့် မာကျစ်အောင် ပြုလုပ်ပေးသည်။

ယင်းနောက် ရရှိသည့်အုတ်များကို နေပူလှန်းထားပြီး ခြောက်သွေ့သည့်အုတ်များကို အလွယ်တကူအသုံးပြုနိုင်ပါကြောင်း၊ ဘလောက်အုတ်ကို တစ်ခဲလျှင် ငွေကျပ် ၇၀ ဖြင့် ရောင်းချရပါကြောင်း၊ မိမိတို့အိမ်အရောက်ဆိုလျှင် ခရီးအနီးအဝေးမူတည်ပြီး ရောင်းချရပါကြောင်း အဆိုပါအုတ်လုပ်ငန်းလုပ်ကိုင်နေသူက ပြောကြားသည်။

အများအားဖြင့် မြေအုတ်ကိုအသုံးမပြုတော့ဘဲ ဘလောက်အုတ်ကို ပိုမိုအသုံးများကြကြောင်း၊ ဘိလပ်မြေတစ်အိတ်ကို သူ့အချိုးကျရောစပ်ပြီး ထုတ်လုပ်လျှင် အုတ်ခဲအလုံးရေ ၅၅ လုံးမှ ၆၀ အထိ ရရှိပါကြောင်း၊ ဘလောက်အုတ်ကို တောရောမြို့ပါမကျန် ရောင်းချရခြင်းကြောင့် ဘလောက်အုတ်လုပ်ငန်းသည် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း အုတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြား၍ သိရသည်။ **ရဲတင့်**

## လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းပြည့်မီရေး ကွင်းဆင်းစစ်ဆေး

**စေတုတ္တရာ နိုဝင်ဘာ ၂၈**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စလင်း-စေတုတ္တရာလမ်းနှင့် ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆောလမ်းတို့ကို ဒေသခံပြည်သူအများ သွားလာမှုနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရန် လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော် ဆောက်လုပ်ရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုဝင်ဘာ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းများကို မကွေးတိုင်းဒေသကြီးလွှတ်တော် ဆောက်လုပ်ရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦး၊ မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောထူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးအရာရှိ ဦးဆယ်မောင်နှင့် လမ်းအထူးအဖွဲ့ ၁၁ မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။ စလင်း-စေတုတ္တရာလမ်းအပိုင်း အဆင့်မြှင့်တင်ခြင်းကို မြို့နယ်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆောလမ်းများအပိုင်းကို လမ်းအထူးအဖွဲ့ ၁၁ မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ယင်းသို့လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းများကို သက်ဆိုင်ရာဌာနများက တင်ပြခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က ဒေသခံပြည်သူများသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးအတွက် လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရာပြည့်ကြို မန္တလေးတက္ကသိုလ်နှင့်မြို့မ

ဆူးငှက်



၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် နေသူရိန်ရုံကြီး၌ အထက်ဗမာ(မြန်မာ)နိုင်ငံ ကိုယ်လက်ကျန်းမာရေး အသင်းကြီး၏ ကာယဗလပြပွဲကြီး ကျင်းပပြီးနောက် ရက် ဒီဇင်ဘာ ၃၀ ရက်တွင် မန္တလေးမြို့ဆိုင်ရာ အစည်းအဝေးကြီးတစ်ခုကိုလည်း ဆက်တိုက်ကျင်းပခဲ့လေသည်။

**မန္တလေးမြို့တော် ပြန်လည်တည်ဆောက်**

ထိုအစည်းအဝေးကြီးမတိုင်မီ ဒီဇင်ဘာ ၂၆ ရက်က အစိုးရဗိသုကာကြီးများဖြစ်သော မစ္စတာဘွတ်ရှ်နှင့် ဦးအုန်းသန်းတို့ မန္တလေးမြို့သို့ရောက်ရှိလာကြပြီး မြို့မိမြို့ဖများနှင့်တွေ့ဆုံကာ မန္တလေးမြို့တော် ပြန်လည်တည်ဆောက်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးချက်များကို အခြေခံပြီး ဒီဇင်ဘာ ၃၀ ရက်နေ့ နေသူရိန်အစည်းအဝေးကြီးတွင် မြို့လူထုကြီးနှင့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြခြင်းဖြစ်သည်။ ထိုဆုံးဖြတ်ချက်များမှာ -

(၁) လောကဓာတ်နည်းအားဖြင့် ပြန်လည်ထူထောင်ရေးစနစ်ကို တိုးတက်စေရန် ဗမာ(မြန်မာ)နိုင်ငံထူထောင်ရေးအဖွဲ့တစ်ဖွဲ့ မန္တလေးတွင် ဖွဲ့စည်းရန်။

(၂) သာသနာရေးအဆောက်အအုံများနှင့် နေရာများကို မထိခိုက်စေဘဲ တိုင်းသူပြည်သားတို့၏ လိုအပ်သောအရာများကို အခြေပြု၍ ခေတ်မီနည်းအရ မန္တလေးမြို့ကြီးကို ပြန်လည်တည်ဆောက်ရန် စသည်တို့ဖြစ်၏။ ထိုဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ကနဦးလုပ်ဆောင်ချက်များအနေနှင့် စိန်ပန်း၊ မင်းတဲ၊ အီကင်းစသည့် အနောက်ပိုင်းမြေနိမ့်ရေဝင်ရပ်ကွက်များကို ပြုပြင်ရန်၊ နန်းမြို့အတွင်း၌ ဆေးရုံများ၊ ကျောင်းများ၊ ရုံးများ၊ နေရာချထားရန်နှင့် ကူးသန်းရောင်းဝယ်ရေးဌာနများကို ဆိပ်ကမ်းနှင့် နီးကပ်စွာထားရှိရန်တို့ကိုလည်း ယာယီရေးဆွဲစီစဉ်ထားသည်ဟု ဆို၏။

**ကြိတ်ကြိတ်တိုးစည်ကား**

စစ်ဘေးစစ်ဒဏ်ကြောင့် သုံးနှစ်ပတ်လုံး ပျက်စီးယိုယွင်းကာ လူသူဆိတ်ငြိမ်ခဲ့သော မန္တလေးသည် ၁၉၄၇ သို့ရောက်လာသောအခါ အရှိန်ရလာပြီး အတော်အတန်စည်ကားလာသည်။ အထူးသဖြင့် မန္တလေးတောင်၊ မဟာမုနိဘုရားကြီးနှင့် ဈေးချိုတော်ကြီးတို့၌ ကြိတ်ကြိတ်တိုးစည်ကားလှ၏။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများကလည်း ဈေးချိုတော်သို့ မဝင်မဖြစ် ဝင်ရောက်လာကြသည်။ အရောင်းအဝယ် ကုန်စည်အကူးအသန်းဖြင့် ဈေးချိုတော်သို့ လာရောက်ကြသူများကလည်း မဟာမုနိဘုရားကြီးနှင့် မန္တလေးတောင်သို့ မဖြစ်မနေ ဘုရားဖူးသွားကြ၏။ အင်္ဂလိပ်ကျောင်း၊ မြန်မာကျောင်းများလည်း ဖွင့်လှစ်စာသင်ကြားကြပြီဟု ဆို၏။

ဓာတ်ရှင်ရုံများ၊ ကြည့်ချင်ပွဲဇာတ်များ၊ ရုံဇာတ်ပွဲကြီးများလည်း ခင်းကျင်းကပြနေကြပြီ။ ကက်စဘီခေါ် စစ်အုပ်ချုပ်ရေး Cicril Administration Service, Burma (C.A.S.B) ကလည်း ၁၉၄၅ အောက်တိုဘာ ၉ ရက်က စတင်ခဲ့ကာ မတ်လ ၂၀ ရက်တွင် ရုပ်သိမ်းပြီးပြီ။ ထိုကာလအတွင်း ဇွန်လ၌ပင် မန္တလေးမြို့၌ ဖ. ဆ. ပ. လ ဆိုင်းဘုတ်ကို ဖွဲ့စည်းတင်ဆောင်နိုင်ခဲ့သည်။ ဥက္ကဋ္ဌမှာ ဆရာကြီးဦးရာဇတ်ဖြစ်ပါ၏။ နောင်အခါ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် အစိုးရအဖွဲ့ ဖွဲ့စည်းသောအခါ ဆရာကြီးဦးရာဇတ်က ပညာရေးဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရလေသည်။

ကမ္ဘာစစ်ကြီးအပြီးတွင် ဆရာကြီးဦးရာဇတ်က ၁၉၂၅ ခုနှစ်ကတည်းက တည်ထောင်ခဲ့သော မန္တလေးဥပစာကောလိပ်ကိုလည်း ပြန်လည်ဖွင့်လှစ်ရန် စိုင်းပြင်းခဲ့သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလသို့ရောက်သောအခါ တက္ကသိုလ်ထူထောင်ရေးအဖွဲ့ (University Organization Committee) က မန္တလေးဥပစာကောလိပ် (Mandalay Intermediate College) အမည်ဖြင့် ဒီဂရီအဆင့်အတန်းသို့ မြှင့်တင်၍ ပြန်လည်ဖွင့်လှစ်ရန် အစီရင်ခံစာကို ထောက်ခံတင်ပြခဲ့သည်။

ထိုထောက်ခံချက်အရ ရန်ကုန်တက္ကသိုလ် အာဏာပိုင်အဖွဲ့အစည်းက မန္တလေးတက္ကသိုလ်ကောလိပ်ကို ဖွင့်လှစ်ရန် အသေးစိတ်အစီအစဉ်များ ရေးဆွဲ၍ ကုန်ကျစရိတ်များပါ ပူးတွဲဖော်ပြလျက် ပညာရေးဝန်ကြီးဦးရာဇတ်ထံ တင်ပြခဲ့ရာ ပညာရေးဝန်ကြီးက အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူခဲ့ပါသည်။ ဤသို့ဖြင့် ၁၉၄၇ ခုနှစ် မေလတွင် ဦးကိုလေး(ဇေယျာမောင်) အား ကျောင်းအုပ်အဖြစ်ခန့်ထားပြီး မန္တလေးတက္ကသိုလ်ကောလိပ် ဖွင့်လှစ်နိုင်ရန် မန္တလေးသို့ စေလွှတ်လိုက်၏။

**မန္တလေးတက္ကသိုလ်ကောလိပ်ဖွင့်**

မန္တလေးဥပစာကောလိပ်ကား အဆောက်အအုံများများစားစားမရှိ။ ဤသို့မရှိရသည့်အထဲ ပင်မအဆောက်အအုံကြီးကို မဟာမိတ်တပ်များမှ အိန္ဒိယစစ်တပ်က စစ်ဆေးရုံအဖြစ် အသုံးပြုထားသည်။ ရတနာပုံအဆောင်ကိုလည်း ကြေးနန်းဌာနအဖြစ် အသုံးပြုထားသေး၏။ ၎င်းကြေးနန်းဌာနအဆောက်အအုံအား ၁၉၄၇ ခု ဇွန်လ ၁၅ ရက်တွင်လည်းကောင်း၊ ပင်မအဆောက်အအုံကြီးအား ၁၉၄၇ ခု ဇူလိုင်လ ၁၅ ရက်များတွင်လည်းကောင်း ပြန်လည်ရရှိခဲ့ကြသည်။ ဤသို့ဖြင့် မန္တလေးယူနီဗာစီတီကောလိပ်ကို ၁၉၄၇ ခု ဇူလိုင်လ ၁၇ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ပထမနှစ်ဥပစာတန်းသို့ ကျောင်းသူ၊ ကျောင်းသား ၁၀၃ ဦး စတင်တက်ရောက်သင်ကြားခဲ့ကြသည်။

**မြို့တူရိယာထင်ပေါ်**

စစ်ကြီးအပြီး စစ်ကိုင်းတောင်ရိုးမှ ပြန်လာကြကာ ပြန်လည်စုစည်းခဲ့ကြသော မြို့တူရိယာအသင်းကြီးကလည်း နောက်ဆုံးပေါ် ခေတ်မီတူရိယာပစ္စည်းများကို ကျွမ်းကျင်စွာတီးမှုတ်နိုင်သဖြင့် မျက်နှာပွင့်ကာ ထင်ပေါ်နေသည့်အချိန်လည်းဖြစ်သည်။ မြို့မျက်နှာဖုံးသူဌေးမျိုးရိုးဖြစ်သော အကယ်ဒီယံမောင်သန့်တို့ကဲ့သို့ သူဌေးသားများ၊ ကိုဘသက်၊ ကိုဘညိန်းတို့လို ဂီတပညာရှင်ကြီးများဦးဆောင်ကာ ပညာတတ်လူငယ်ကလေးများက နောက်ဆုံးပေါ် အနောက်တိုင်းတူရိယာများအား ပိုင်နိုင်စွာ ကိုင်တွယ်နိုင်ကြမှုကလည်း အများတကာ၏ အံ့သြဂုဏ်ယူစရာဖြစ်စေခဲ့သည်။

ဈေးချိုတော်(အေ)ရုံ၏ အနောက်မြောက်ထောင့် ၂၆-ဘီ အာဇာနည်လမ်း၏ တောင်ဘက်ကပ်လျက်နေရာတွင်-ဆိုင်ဒူးခန်း-အမည်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။ လက်ဖက်ရည်ဆိုင်က အရှေ့ဘက်မျှော်ကြည့်လိုက်လျှင် နာရီစင်ကြီးက လက်တစ်လှမ်းအကွာ၌ပင် တည်ရှိနေပြီး အရှေ့ဘက်တွင်-မာရဂျမ်း-တိုက်ရသည်။ ထိုမှအရှေ့တွင် ၈၃ လမ်းထိပ်၌ -ကာတစ်အင်ကိုး-အင်္ဂလိပ်ဘယဆေးတိုက် ရှိနေ၏။ ၈၂ လမ်းထိပ် ကုန်းမော့မော့တွင်မူ ရိုးလ်ကုမ္ပဏီတိုက်ရှိသည်။

ဆိုင်ဒူးခန်းလက်ဖက်ရည်ဆိုင်၏ မြောက်ဘက် အာဇာနည်မှ လမ်းသာခြားလျက် အုတ်ကြွပ်မိုးနီနီကလေးနှင့် အဆောက်အအုံလေးတစ်လုံးရှိသည်။ သူ့ကိုတော့ မန္တလေးသားတွေက ဘူတာလေးဟု ခေါ်ခဲ့ကြ၏။ ဟိုးအရှေ့ဘက် လမ်း ၃၀ ရှိဘူတာရုံကိုတော့ ဘူတာကြီးဟု ခေါ်ကြ၏။ ဘူတာကြီးမှာက ၁၈၈၉ ခုနှစ် မတ်လ (၁)ရက် (သက္ကရာဇ် ၁၂၅၀) ပြည့်နှစ်၊ တပေါင်းလဆန်း(၁)ရက်တွင် ဖောက်လုပ်ဖွင့်လှစ်ခဲ့သော ရန်ကုန်-မန္တလေး မီးရထားများလည်း ပြေးဆွဲနေသည်။ ထို့ပြင် မန္တလေးဘူတာကြီးကို ဗဟိုပြု၍လည်း အခြားမီးရထားလမ်းရှိရာ မြို့ရွာများသို့ မီးရထားများ ခုတ်မောင်းပြေးဆွဲနေကြသည်။

**ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်**

ကောလိပ်ကျောင်းသားအများစုနှင့် မြို့မအသင်းသားများကလည်း ဈေးချိုရုံကြီး ၁၂ ရုံတစ်လျှောက် ဟန်ရေးပြပြီးနောက် ဈေးအနောက်မြောက်ထောင့်ရှိ ဆိုင်ဒူးခန်းအမည်ရှိ လက်ဖက်ရည်ဆိုင်တွင် စတည်းချကြသည်ချည်းဖြစ်သည်။ ထိုအချိန်က ဈေးချိုတော်ကြီးတွင် မန္တလေးယူနီဗာစီတီကောလိပ်ကျောင်းသားနှင့် မြို့မအသင်းသားများကား ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်များဖြစ်ခဲ့ကြသည်။

၁၉၂၅ ခုနှစ်က တစ်နှစ်တည်းဖွားဖြစ်ခဲ့သော မန္တလေးတက္ကသိုလ်နှင့် မြို့မတူရိယာအသင်းတို့သည် ယခု (၂၀၁၆ ခုနှစ်မှာ) ဆိုလျှင် ၉၁ နှစ်တင်းတင်းပြည့်ကြပါပြီ။ ရာပြည့်ကြိုအတွက် အားသစ်အင်သစ်များနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြရန် မန္တလေးတက္ကသိုလ်၏ တမာရနံ့သင်းသော ကျောင်းတော်ရိပ်တွင် ပွဲတိုင်းကျော် မြို့မတူရိယာအသင်း၏ အစီအစဉ်များကို ရင်ခုန်စွာ စောင့်မျှော်ကြရမည်ဖြစ်ပါ၏။



# လက်တွေ့အသုံးချဆေးနည်းတိုများ(၁၄)

ကြည်လွင်မြင့်(မုဒြာ)

**ဆရာ ကျွန်မသားလေး ခြေထောက်မှာ ခြင်ကိုက်ရာကနေ အမည်းစက်တွေ ခြေသလုံး နှစ်ဖက်လုံးမှာ ဖြစ်နေပါတယ်။ အမည်းစက်တွေပျောက်အောင် ဘယ်လိုလုပ်ရပါမလဲ ဆရာ။**

သံပရာသီးစိတ်နဲ့ပွတ်ပါ။ ကြိတ်မှန်ရွက်က အမာရွတ်ပျောက်ပါတယ်။ အရည်ညှစ်ပြီး သနပ်ခါးနဲ့ ရောစပ်လိမ်းပေးပါ။

**ဆရာ ကျွန်မက အသက် ၃၀ ပါ။ အလုပ်က စာရင်းကိုင်။ အထိုင်များပါတယ်။ လေ့ကျင့်ခန်းတော့ မလုပ်ဖြစ်ပါ။ ဝမ်းစိုးလို့ အစာကို လျှော့စားပါတယ်။ ဒါပေမယ့်လူက ဗိုက်ပူပြီး စူထွက်လာသလို ဖြစ်လာပါတယ်။ အထိုင်များလို့ထင်ပါတယ်။ ဗိုက်စူထွက်တာ ပျောက်ချင်ပါတယ်။ ဘယ်လိုဆေးနဲ့ ဓာတ်စာ စားရမယ်ဆိုတာ ညွှန်ကြားပေးစေလိုပါတယ်။**

အလုပ်ထိုင်ပြီး တစ်နာရီကြာရင် ၅ မိနစ်လောက်ထရပ်ပြီး လမ်းလျှောက်ပေးပါ။ မနက် အိပ်ရာထချိန်မှာ ပျားရည်တစ်ဇွန်းသောက်ပေးရင် အဆီကျစေပါတယ်။ သက်ရင်းကြီး ရွက်နု နှစ်ရွက်၊ သုံးရွက်ကို ရေနွေးဖြော်ပြီး နေ့စဉ်အတို့အမြုပ် ပြုလုပ်စားရင် ဗိုက်စူတာ သက်သာစေပါတယ်။ လေ့ကျင့်ခန်းအနည်းငယ်လုပ်ပါ။ ရေမချိုးခင် ၁၅ မိနစ်လောက် အချိန်ပေးပြီး ခါးကုန်းပြီး ရှေ့လက်နှစ်ဖက် ကြမ်းပြင်ကိုထိအောင် လုပ်ပေးပါ။ ညစာမစားဘဲ အသီးအနှံ စားပါ။ ဝမ်းချုပ်ရင် မန်ကျည်းမှည့် လက်တစ်ဆုပ်၊ ထန်းလျက် ခုနစ်ခဲ၊ ဆားခါး ဟင်းစားဇွန်းတစ်ဇွန်း ရေစိမ်ထားပြီး သောက်ရေစစ်နဲ့စစ်ယူပြီး တစ်ဖန်ခွက်သောက်ပေးရင် ဝမ်းမှန်ပြီး ဗိုက်စူတာ အမြန်ကျစေပါတယ်။ ညအိပ်ရာဝင်ချိန်မှာ ပျားရည်ဟင်းစားဇွန်း တစ်ဇွန်းနဲ့ သံပရာသီး တစ်လုံး အရည်သောက်ပေးရင်လဲ ဗိုက်ကအဆီကျစေနိုင်တယ်လို့ ဆိုပါတယ်။

**ဗေဒါပွင့်ကို ဝက်သားနဲ့ချက်စားရင် လိပ်ခေါင်းသွေးကျရောဂါပျောက်တယ်ဆိုတာ မှန်ပါသလား ဆရာ။**

ဗေဒါပွင့် မဟုတ်ပါ။ ဗေဒါပင်ကို ဟင်းချက်စားရင် အမျှင်များတဲ့ ဓာတ်စာဖြစ်လို့ လိပ်ခေါင်း ရောဂါကို သက်သာစေပါတယ်။ ဝက်သားပဲမဟုတ် ငါးမြင်း၊ ငါးပတ် စတာတွေနဲ့လဲ အရသာရှိအောင် ရောချက်စားနိုင်ပါတယ်။ တစ်ပတ်ကို နှစ်ကြိမ်၊ သုံးပတ်လောက် ချက်စားပေးရင် သက်သာစေနိုင်တယ်။ လိပ်ခေါင်းရှိရင် အပူအစပ်နဲ့ အရက်၊ ဘီယာကိုလဲ ရှောင်ရမယ်။ ကောက်ညှင်းဆန်စေး၊ မာတဲ့အစာတွေနဲ့လည်း မသင့်ပါ။

**ဆရာရှင့် အတူတူထိုင်နေတဲ့သူချင်းအတူတူ ခြင်တွေက ကျွန်မကိုပဲ ရွေးကိုက်ကြပါတယ်။ ပူထူပြီး ခြေသလုံးတွေမှာ အမည်းစက်တွေ ဖြစ်ကျန်နေတာကို ဘာဆေးလိမ်းရပါမလဲရှင့်။**

ခန္ဓာကိုယ်အပူချိန်များတဲ့သူကို ခြင်ကပိုကိုက်ပါတယ်။ အပူငွေ့ထွက်တဲ့နေရာကို ပိုလာလေ့ရှိပါတယ်။ အပူငြိမ်းအောင် ရှားစောင်းလက်ပပ်အနှစ်ကို သကြားနဲ့ ခေါက်ပြီး နေ့စဉ်စားပေးပါ။ ခြင်ကိုက်ခံရတဲ့နေရာကို ခရေပွင့်ခြောက်နဲ့ သနပ်ခါးရောသွေးလိမ်းပေးရင် အမာရွတ်နဲ့ အမည်းစက်များ ပျောက်စေနိုင်ပါသည်။

**ရေခဲရေသောက်ပြီး ရင်ဘတ်မှာမိတ်ဖုလို အနီစက်တွေထွက်လာပါတယ်။ ယားလဲယားပါတယ်။ ဆေးနည်းလေးညွှန်ပြပေးပါ။**

အပူကန်ဖုတွေ ထွက်တာပါ။ ရေနွေးကြမ်းအဖန်ရည်မှာ ဆားလှော်လေးအနည်းငယ် ထည့်သောက်ပေးပါ။ ယားဖုတွေထွက်တဲ့နေရာကို တမာရွက်ခြောက်အမှုန့် ပြုလုပ်ပြီး သနပ်ခါးနဲ့ ရောစပ်လိမ်းပေးပါ။ မရှိရင် သနပ်ခါးနဲ့ဆား ရောသွေးပြီးလိမ်းပါ။ ရေချိုးတဲ့အခါ ရေတစ်ပုံးတွင် ဆားခါးဟင်းစားဇွန်း နှစ်ဇွန်းထည့်ဖျော်ပြီး ချိုးပေးရင်လဲ မိတ်ယားသက်သာပါတယ်။

**နှာခေါင်းသွေး အမြဲလျှံလို့ပါဆရာ။ ပူတဲ့အချိန်ရော အေးတဲ့အချိန်ပါ လျှံပါတယ်။ သက်သာအောင် ဘယ်လိုလုပ်ရပါမလဲ။ ဆေးနည်းလေး ညွှန်ကြားပေးစေလိုပါတယ်။**

အောက်ကို အပူမလည်ဘဲ အထက်ကိုအပူကန်တာများလို့ပါ။ ခြေဖဝါးဆားပွတ်ပြီး ဒူးအထက်မှ အောက်ကို ရေလောင်းခြေဆေး နေ့စဉ်ပြုလုပ်ပေးရင် သက်သာနိုင်ပါတယ်။ ကျားမနိုင်မြစ်ကိုသွေးပြီး နှာခေါင်းမှာလိမ်းပါ။ နှာခေါင်းသွေးယိုနေချိန်မှာ ပက်လက်မအိပ်ရပါ။ ခေါင်းကိုမော့ပြီး ထိုင်နေရပါမယ်။ ပက်လက်အိပ်ရင် သွေးတွေအဆုတ်ထဲကို ပြန်ဝင်သွားနိုင်ပါတယ်။ စိတ်ငြိမ်ငြိမ်ထားပြီး နားနောက်မှာရေခဲကို (ပလတ်စတစ်အိတ်နဲ့ ထုပ်ပြီး) ကပ်ပေးပါ။

**နားထဲပိုးကောင်ဝင်ရင် ဘယ်လိုပြုလုပ်ရပါမလဲ။**

နားအတွင်းကို မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီကို (မီးဖြင့်ခပ်နွေးနွေးဖြစ်အောင် နွေးပြီး) ဇွန်းနဲ့ လောင်းထည့်ပါ။ ပြီးရင် ဘေးစောင်းပြီး ပြန်သွန်ထုတ်ပါ။ သုံးကြိမ်လောက်ပြုလုပ်ပေးရင် ပိုးကောင်ပြန်ထွက်လာပါလိမ့်မယ်။ နားကလော်တံနဲ့ မထိုးပါနဲ့။

**အမြဲနှာစေးနေလို့ ဆရာဝန်ပြတော့ နှာခေါင်းထဲမှာ အသားပိုဖြစ်နေတယ်လို့ပြောပါတယ်။ လတ်တလော ခွဲစိတ်ဖို့မတတ်နိုင်သေးလို့ ဆေးနည်းတွေရှိရင် ပြောပြပေးပါ။**

သပွတ်သီး (သပွတ်ခါးသီး ရရင် ပိုကောင်းပါတယ်) အခြောက်အတွင်းအူတိုင်က အမှုန့်ကို ခါချပါ။ အဲဒီအမှုန့်ကို မှိုင်းရှူပေးရင်ဖြစ်ဖြစ်၊ အုန်းဆီနဲ့ဖျော်ပြီး နှာခေါင်းအတွင်းကို လိမ်းပေးရင်ပဲဖြစ်ဖြစ် နှာခေါင်းအတွင်းက အသားသီး ပျောက်ကင်းနိုင်ပါတယ်။ (တစ်နည်း) ဖြူကြီးပင် (ခေါ်) မုရိုးပင်ရဲ့ အရွက်ခြောက်နဲ့ အရိုးကို မီးရှို့ပြီး ရှူပေးရင်လည်း နှပ်ပုပ်တွေယိုကျပြီး နှာခေါင်းက အသားပို ပျောက်ကင်းနိုင်ပါတယ်။

**မီးနေသည် (ကလေးမွေးပြီးစ သူတွေ) နမ်းထုပ်ရှူရင် မီးတွင်းခေါင်းကိုက်ရောဂါ မဖြစ်ဘူးလို့ သိရပါတယ်။ နမ်းထုပ်ကို ဘယ်လိုပြုလုပ်ရပါသလဲ ဆရာ။**

နမ်းထုပ်ဆိုတာ မီးနေသည်ရှူဖို့အတွက် စမုန်နက်စေ့တွေကိုလှော်ပြီး အဝတ်ပါးပါးနဲ့ထုပ်ထားတဲ့ အထုပ်ဖြစ်ပါတယ်။ တချို့က ဇာတိပ္ဖိုလ်သီးနဲ့ လေးညှင်းပွင့်တွေပါထည့်ပြီး ထုပ်လေ့ရှိပါတယ်။

**သတ္တုရည်ဆိုတာ ဘယ်လိုအရည်မျိုးကို ခေါ်တာလဲ ဆရာ။**

ဆေးဖက်ဝင် အပင်၊ အရွက်၊ အသီး တစ်မျိုးမျိုးကို အစိမ်းအတိုင်းကြိတ်ပြီး ညှစ်ယူလို့ရတဲ့ အရည်ကို သတ္တုရည်လို့ ခေါ်ပါတယ်။

**ညှင်းပေါက်နေတာ ရင်ဘတ်ကနေ လည်ပင်းအထိ ပွားလာလို့ ညှင်းပျောက်ဆေးနည်းရှိရင် သိလိုပါတယ်။**

ကန့်ဝါ တစ်ကျပ်သား၊ လက်ချား (မီးဖောက်) ငါးမူးသား၊ ယမ်းစိမ်း ငါးမူးသား၊ ဒုတ္တာ ငါးမူးသား အားလုံး အမှုန့်ပြုပြီး (ပရဆေးဆိုင်တွေမှာ ဝယ်လို့ရပါတယ်) သံပရာရည်နဲ့ဖျော်လိမ်းပါ။ နေရောင်မှာ နေပူခံပြီးမှ လိမ်းရင် ပိုပြီးပျောက်ကင်းပါတယ်။ (ရှေးမြန်မာ ဆရာကြီးများ လက်သုံးဆေးနည်းဖြစ်ပါတယ်) တစ်နည်း ဒန့်ကွဲစေ့ကို အကျွမ်းလှော်ပြီး အုန်းဆီနဲ့လိမ်းပါ။ စပါးပေါ်ချိန်မှာ ပေါက်လေ့ရှိတဲ့ စပါးညှင်း (လယ်တောနဲ့ နီးသူတွေမှာ ပေါက်လေ့ရှိတယ်)၊ ပေါက်ရင် တမာရွက်ပြုတ်ရည်နဲ့ ရေချိုး၊ တမာရွက်ခြောက်အမှုန့် ဒါမှမဟုတ် တမာခေါက်အမှုန့်ကို သနပ်ခါးနဲ့ ရောသွေးလိမ်းရင်လည်း ပျောက်နိုင်တယ်။ ညှင်းဟာ တစ်ကိုယ်ရေသန့်ရှင်းမှုနဲ့ ဆိုင်တယ်။ လူကို မှီတက်တယ်လို့ ခေါ်တဲ့ ကပ်ပါးမှိုတစ်မျိုးကြောင့်ဖြစ်တယ်။ ချွေးစိုတဲ့အဝတ်နဲ့ အတွင်းခံ၊ စွပ်ကျယ်စတဲ့အင်္ကျီတွေ မလျှော်မဖွပ်ဘဲ ပြန်ဝတ်ရင် ညှင်းပေါက်တတ်တယ်။ နေရောင်ခြည်နဲ့ မထိတွေ့တဲ့ ကိုယ်အတွင်းပိုင်းမှာ ညှင်းက ပိုပြီးပွားလေ့ရှိတယ်။

**အကြေးရှိတဲ့ငါးနဲ့ အကြေးခွံမရှိတဲ့ငါး ဘယ်လိုကွာပါသလဲ ဆရာ။ ဘယ်ငါးက စားသင့်ပါသလဲ။**

အကြေးခွံပါတဲ့ငါးက လူနဲ့ ပိုသင့်တယ်လို့ဆိုပါတယ်။ အကြေးခွံမပါတဲ့ငါး (ဥပမာ၊ ငါးမြင်း၊ ငါးတန်၊ ငါးခူ စတဲ့) တွေကို တက်စာလို့ ဆရာကြီးတွေက ယူဆပါတယ်။ အထူးသဖြင့် သွေးတိုးရောဂါရှိသူတွေနဲ့ မသင့်ပါ။ ယောအတွင်းဝန်ရဲ့ ဥတုဘောဇန သင်္ဂဟကျမ်းမှာ ဆိုတာကတော့ (အကြေးရှိသောငါး တစ်နည်းကား ငါးသည် အကြေးရှိသောငါး၊ အကြေးမရှိသောငါးဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတွင် အကြေးရှိသောငါးသည် လူနှင့်သင့်၏။ ကိုယ်၏ခိုင်ခန့်ခြင်းကို ပြုတတ်၏။ အား၊ သုက်တို့ကို ပွားစေတတ်၏။ အကြေးမရှိသောငါးကို ကဲ့ရဲ့အပ်၏) လို့ ဖော်ပြထားတာ လေ့လာတွေ့ရှိရပါတယ်။ ငါးစင်ရိုင်း၊ ငါးနုသန်း၊ ငါးသလဲထိုးစတဲ့ ငါးအသေးတွေကို တော့ (ငါးငယ ငယ်သောငါးသည် ကြေလွယ်၏။ ဆိမ့်၏။ နှုတ်ကို မြိန်စေတတ်၏၊ ဒေါသသုံးပါးလုံးကို နိုင်၏။ လူနှင့်သင့်၏၊ ဝမ်းကိုက်နာ၊ ဝမ်းပျက်နာကို နိုင်၏။ အလွန်ငယ်သော ငါးသည် ကြေလွယ်၏။ သုက်ကို နည်းစေတတ်၏။ နှုတ်ကို မြိန်စေတတ်၏။ ချောင်းဆိုးနာ၊ လေနာကို နိုင်၏) လို့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ငါးခြောက်ကိုတော့ (ငါးခြောက်သည် ကြေခဲ၏။ ချုပ်၏။ အားကို မဖြစ်စေတတ်) လို့ ဖော်ပြထားတယ်။

**ပျားရည် အသစ်နဲ့အဟောင်း ဘာကွာသလဲဆရာ။ ဘယ်လိုခွဲခြားပါသလဲ။ အကျိုးအာနိသင်က အတူတူပဲလား သိချင်ပါတယ်။**

ပျားရည်အသစ်ရော အဟောင်းပါ ဆေးဖက်ဝင် အာနိသင်ရှိပါတယ်။ ပျားရည်အသစ်က အဝါရောင်ဘက်များပြီး ပျားရည်အဟောင်းက အနီရောင်ဘက်များပါတယ်။ ပျားရည်ကို သိမ်းထားပြီး တစ်နှစ်ကျော်ရင် ပျားရည်အဟောင်းလို့ သတ်မှတ်နိုင်တယ်။

ပျားရည်အသစ်။ ပျားရည်အသစ်သည် လူကို ဝစေတတ်၏။ အသံကို ကောင်းစေတတ်၏။ သလိပ်ကို များစွာမနိုင်။

ပျားရည်အဟောင်း။ ပျားရည်အဟောင်းသည်ဝမ်းချုပ်၏၊ အဆီသြဇာမရှိ။ အဆီခဲနာကို နိုင်၏။ သလိပ်ကို နိုင်၏။ လူကို ပိန်စေတတ်၏။ (ပျားရည်သည်လည်း ကောင်း၊ သကြားရည်သည်လည်းကောင်း၊ ကြံတင်လဲ၊ ကြံသကာသည်လည်းကောင်း တစ်နှစ်ကျော်လျှင် အဟောင်းဟု ဆိုရာ၏။) ဥတုဘောဇနသင်္ဂဟကျမ်း၏ အဆိုအရဆိုလျှင် ဝလိုလျှင် ပျားရည်အသစ်ကို သောက်ရမည်။ ပိန်လိုလျှင် ပျားရည်အဟောင်းကို သောက်သုံးရမည်ဖြစ်သည်လို့ ဥတုဘောဇန သင်္ဂဟကျမ်းက ဆိုပါတယ်။

**မျက်စိထိခိုက်မိသူတွေ ဒဏ်တိမ်မဖြစ်အောင် ပျားရည်ကို မျက်စဉ်းခတ်ရတယ်ဆိုတာ မှန်ပါသလားဆရာ။ မျက်စဉ်းခတ်လို့ ရပါသလား။**

ရပါတယ်။ ပျားရည်မည်သည် အေးသောသဘောရှိ၏။ သို့ဖြစ်၍ မျက်စိကို ခတ်သော်လည်း မစပ်။ ပူသော ပန်းပွင့်၊ အဆိပ်မျိုးဖြစ်သော ပန်းပွင့်တို့၏အရည်ကို စုပ်၍ ပျားအုံလုပ်သော်လည်း ပျား၏အစွမ်းသတ္တိကြောင့် ပျားရည်သည် အေးမြ၏။ သို့ဖြစ်လျက် ပူသော ပျားရည်ကိုမူ အဆိပ်ဟူ၍ မှတ်အပ်၏လို့ ဥတုဘောဇနသင်္ဂဟကျမ်း ပျားရည်မျိုးတို့၏ ဂုဏ်ကိုပြခြင်းမှ ဆိုပါတယ်။ မျက်စိကို ခဲမှန်ပြီး ဒဏ်ဖြစ်တဲ့သူကို ပျားရည်ခတ်ပေးလို့ ပျောက်တာကို လက်တွေ့တွေ့ဖူးပါတယ်။







## မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်းနေ
ဦးမောင်သောင်း + ဒေါ်ကြည်ကြည်ဝင်း
တို့၏ သားငယ်
**မောင်အောင်မြတ်လင်း**
**B.Sc (Physics), A.G.T.I (Mechanical Power)**
**Assistant Packaging Manager (Myanmar Brewery Ltd)**
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဈေးပလာဇာအိမ်ရာနေ
(ဗိုလ်မှူး သန်းဆေ) + ဒေါ်ရီမာလှ
တို့၏ သမီးငယ်
**မမသဉ္ဇာခေဒ်(ခ)မမေဗူး**
**B.C.Sc (UCSY), Diploma in Global English**
**Computer Teacher (Asia Language & Business Academy)**

တို့၏ ၂၄-၁၁-၂၀၁၆ (ကြာသပတေးနေ့၊ အမျိုးသားနေ့)တွင် ရန်ကုန်မြို့ Western Park Royal (Kandawgyi) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲအခမ်းအနား၌ မင်္ဂလာဆောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးသိန်းဆွေ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း-ငြိမ်း)နှင့် ဇနီး ဒေါ်အေးသန္တာ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီး လှမြင့်-စစ်သိမှူး(ငြိမ်း)နှင့် ဇနီး ဒေါ်သီဂီနီး တို့အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၊ ဒုတိယသမ္မတ (ငြိမ်း)-သရေစည်သူဦးညာဏ်ထွန်းနှင့် ဇနီးအားလည်းကောင်း၊ ဗိုလ်ချုပ်ချစ်သန်း(ငြိမ်း)နှင့်ဇနီးအားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း) ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးအားလည်းကောင်း၊ ကြံ့ဖွံ့စစ်ရေးချုပ်ဗိုလ်ချုပ်နေလင်းနှင့်ဇနီးအားလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးအားလည်းကောင်း၊ D.S.A အပတ်စဉ် (၁၆)မှ စစ်ဘက်နယ်ဘက်အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများ၊ နှစ်ဖက်မိဘဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ကိုအောင်ကျော်စိုး (M.C Andy)၊ သတို့သားအရံများအဖြစ်ဆောင်ရွက်ပေးပါသော မောင်မိုးမင်း၊ မောင်ညီညီဝင်း၊ သတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးပါသော မအေးနန္ဒာသိန်းဆွေ၊ မမြတ်သီရိထက်၊ မင်္ဂလာဆောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာဆောင်လက်ထပ် လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မချူလိုင်တင်ထွန်း၊ မင်္ဂလာပန်းဖြန့်ကြဲပေးပါသော သမီးငယ်လေး မသန့်နေခြည်ထွန်း တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး ဆောင်း-ဒေါ်အေးမာသီ၊ မင်္ဂလာဝတ်စုံများကို စိတ်တိုင်းကျဆင်မြန်းပေးပါသော The Lady မှ ဦးကျော်စိုးနှင့်အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှ ညီညီမောင်(စမ်းချောင်း)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများကို မေတ္တာဖြင့်ဆင်မြန်းပေးပါသော Emerald Green Gems & Jewellery မှ ကိုညီစွဲမာန်နှင့် မမသီရိတို့အားလည်းကောင်း၊ သတို့သမီးအရံဝတ်စုံများကို တာဝန်ယူချုပ်လုပ်ပေးပါသော Zenith Fashion မှ Designer မချူလိုင်တင်ထွန်းအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးပါသော ကိုငြိမ်းချမ်း(ရွှေလက်ရာ)နှင့်အဖွဲ့အားလည်းကောင်း၊ ဓါတ်ပုံနှင့်ဗီဒီယို ဆောင်း ဓါတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပွဲအတွက်လိုအပ်သည်များကို မေတ္တာဖြင့်ကူညီပေးကြပါသော ချစ်သူငယ်ချင်းများ၊ ညနေပိုင်း ရွှေဘို (ကန်တော်မင်)မြက်ခင်းပြင်တွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာ အခမ်းအနားအစီအစဉ်များ အစစအရာရာ အဆင်ပြေချောမွေ့အောင် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော နှစ်ဖက်သော ဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးလိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
**မောင်အောင်မြတ်လင်း-မမသဉ္ဇာခေဒ်(ခ)မမေဗူး**


Hmwe Taunggyi Business Group Travel & Tours Co.,Ltd. License No(661)

**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

ဒီဇင်ဘာလကျောင်းပိတ်ရက် နှင့် နှစ်သစ်ကူးဇန်နဝါရီလ အထူး Promotion ခရီးစဉ်ရက်များ
၃၊ ၁၇၊ ၂၂၊ ၂၄၊ ၃၀ / ၇၊ ၁၄၊ ၁၇၊ ၂၁

(၁၅)ရက် (လေးဌာန+နီပေါ+ဒေလီစခိုးအစုံ) ကျသင့်ငွေ (~~၁၂၅~~)သိန်း အစားငွေကျပ် {၁၀.၉} သိန်း စရိတ်ငြိမ်း
(၈)ရက် (လေးဌာန+နီပေါ) ကျသင့်ငွေ (~~၁၀.၅~~)သိန်း အစားငွေကျပ် {၈.၉} သိန်း စရိတ်ငြိမ်း

နိုဝင်ဘာလကျွင်းစက်ကျော့ကြေညာများအတွက် Special discount - ၁၀ ဦးလျှင် ၁၀%
**Hot Line - 01-200952**

**Feb - 7,11,14,18,21,25,28 / Mar - 7,11,14,18,21,25 /Apr - 1,8,11,18**

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၀၀၉၅၂၊ ၀၉-၇၇၈၈၂၂၂၆၀၊ မန္တလေးရုံး - ၀၉-၇၇၈၈၂၂၂၅၀
တောင်ကြီးရုံး - ၀၈၁-၂၀၀၁၇၃၊ ၀၉-၇၇၈၈၂၂၂၄၀

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100

**ကားစီးရေးငှားသည်။**
AC-Express (45,33,25), အံစာတုန်း(14) ယောက်စီး
Hiace (9-7ယောက်စီး)၊ Alphard, Crown ,Mark II(ရွှေစီး)
ပိုင်ရှင်ကိုယ်တိုင်ငှားသည်။ လချုပ်ငှားပါ။ မြို့တွင်း / မြို့ပြင်
Ph:09-5168997, 09-5089800, 09-33345545














MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ဖုန်းဘေလ်မကုန်ဘဲ Facebook မှာ
အချိန်ပြည့်ရှိနေဖို့ MPT ရဲ့ Facebook Flex
GO TO FREE
Like, Comment, Share, Post, Upload, Chat
FREE
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

ကြော်ငြာ




**ရွှေဒိုးကြီး**
မြဝတီ၊ မဲဆောက်၊ မဲပေါ်၊ ဘားအံ၊ဘုရားသုံးဆူနှင့်ချမ်းသာမြို့
Hotel S/P (Visa) (75000) Dec.2,9,16,23
09421073634, 777636630

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
Ph : 703790, 09 799100100
707062, 09 797100100

**Virgin Land** New Year
Virgin Land Travels & Tours
***3 Days / 2 Nights - 85000/-***
New Year Eve Night Count Down
29.12.2016 30.12.2016 & 31.12.2016
09-5123793, 09-5018433, 09-784340717

**Ever Clean**
Dec 3,10,24,31
Dec 10,24,31
Dec 17
Dec 23,30
Dec 23,30
ဆက်သွယ်ရန်ဖုန်း 09-33886666 , 09-795185522

## မေမြို့(T.H.S) ရွှေရတုအကြို ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကျင်းပနိုင်ရန်အတွက်အလှူငွေများ ထည့်ဝင်လှူဒါန်းကြပါရန် ကြော်ငြာအပ်ပါသည်။



မေမြို့(T.H.S) တွင် ပညာသင်ကြားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ရန်အတွက် ရွှေရတုအကြို ဆဌမအကြိမ်မြောက်အာစရိယပူဇော်ပွဲကြီးကို မေမြို့ စက်မှုလက်မှုအထက်တန်းကျောင်းတွင် ၂၀.၁၂.၂၀၁၆ ရက်နေ့၌ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားတိုင်းအားလုံး ကျေးဇူးဆပ်လိုသော စေတနာသဒ္ဓါတို့ဖြင့် အောက်ပါအလှူငွေကောက်ခံသူများထံတွင် အလှူငွေများကို အမြန်ဆုံးဆက်သွယ်လှူဒါန်းပါရန်နှင့် အာစရိယ ပူဇော်ပွဲကြီးကို မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ဦးမြင့်ဆွေ (၆၉)၀၉-၄၇၀၆၁၀၇၄ | ဦးမောင်အိ(၇၀)၀၉-၄၅၀၀၆၀၇၉၂ | ဦးအောင်မိုးထွန်း(၉၁)၀၉-၇၁၀၅၀၉၅၉ | ဦးမြင့်စိုး(၈၁)၀၉-၄၉၃၁၈၇၉၀ |
| ဦးတင်အောင်(၇၀)၀၉-၅၀၆၈၀၆၈ | ဦးအောင်သန်း(၇၄)၀၉-၇၈၈၃၇၇၈၅၅ | ဦးဇော်မိုးသူ(၉၇)၀၉-၇၉၇၆၅၉၁၁၀ | ဦးတင်လှိုင်(၇၀)၀၉-၆၁၀၇၅၄၃ |
| ဦးမြင့်လွင်(၈၁)၀၉-၂၅၉၈၀၇၈၉၆ | ဦးတင်ဦး(၇၀)၀၉-၄၃၀၃၇၄၃၆ | ဦးမင်းဟန်အောင်(၈၀)၀၉-၄၅၀၄၆၀၆၇၂ | ဦးကျော်စိုး(၈၃)၀၉-၉၇၅၅၅၉၁၀၉ |
| ဦးတန်ဂိုခန့်မှာန်(၈၁)၀၉-၂၄၅၀၂၃၄ | ဦးတင်ဝင်း(၇၃)၀၉-၂၅၅၇၅၉၁၃၉ | ဦးအောင်မှူး(၈၁)၀၉-၅၀၃၄၀၀၃ | ဦးလှမင်း(၇၁)၀၉-၇၉၉၉၁၂၀၀၅ |
| ဦးယုနိုင်(၈၂)၀၉-၄၄၈၅၄၀၈၇၀ | ဦးသန်းနိုင်(၈၁)၀၉-၄၂၀၂၇၃၅၅၃ | ဦးအောင်ဆန်း(၈၁)၀၉-၂၆၁၉၈၃၁၁ | |
| ဦးအောင်စိုးမြင့်(၈၁)၀၉-၂၀၂၂၆၀ | ဦးမြင့်လွင်ဦး(၈၁)၀၉-၅၁၁၁၀၅၅ | ဦးမိုးမြင့်အောင်(၈၀)၀၉-၂၅၉၀၇၀၈၀၀ | |
| ဦးပေါဝန်း(၇၃)၀၉-၄၇၀၅၉၂၃၉ | ဦးစိုးနိုင်(၈၃)၀၉-၅၁၇၃၇၂၅ | ဦးသိန်းအေး(၇၀)၀၉-၄၂၅၀၀၀၆၁၀ | |

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ







သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး


SPRING LINE
★ Hlaing River Landmark ★
START
BOOKING
VIP Customers များအတွက်
နေ့စဉ်မြန်မာငွေ ၁၀၀၀၀၀ကျပ်ကို
၂၀၁၇ ခုနှစ် ၁လပိုင်း ၈ရက် နေ့ထိရယူလိုက်ပါ၊
စောလေ အကျိုးထူးများလေဖြစ်သည်၊
Tel: 09 7930 66666
Add: No.461,Kanar Middle Qtr,Hlaing River Road,Insein Township,
Nearby Aung Zay Ya Bridge,Yangon
Facebook: Springline Rbd
Shwe Oak Khai Construction Co.,Ltd.
Hlaing
River




# ထိုင်း-မြန်မာ ချစ်ကြည်ရေး နိုင်ငံဖြတ်ကျော် စက်ဘီးစီးပွဲတော် ကျင်းပ

**မြိတ် နိုဝင်ဘာ ၂၈**

ထိုင်းနိုင်ငံ ပရာကျွတ်ခရီခန့်ခရိုင် ပရာကျွတ်ခရီခန့် မြို့နယ် ဒန်းစီခွန်တောင်ခြေရှိ နှစ်သစ်ကူးစျေးကွင်း အရှေ့ ယာယီမဏ္ဍပ်၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၇ နာရီခန့်က ထိုင်းနိုင်ငံ(ပရာကျွတ်ခရီခန့်)နှင့် မြန်မာနိုင်ငံ(မြိတ်မြို့)တို့မှ မောင်နှမမြို့တော်များ အကြား ရင်းနှီးချစ်ကြည်မှုတိုးမြှင့်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ယဉ်ကျေးမှုအစဉ်အလာ ထုံးတမ်းများ ဖလှယ်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ် စင်ခွန်းအထူးယာယီနယ်စပ်ဂိတ်မှ မောတောင်ဒေသ အမှတ်(၉)ရပ်ကွက် ဘုန်းတော်ကြီးကျောင်းအထိ နိုင်ငံဖြတ်ကျော် စက်ဘီးစီးပွဲတော် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံမှ ပရာကျွတ်ခရီခန့် ခရိုင်ဝန် မစ္စတာ ထဝီနူရေစီရိကူ(န)က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ထိုင်းနိုင်ငံမှ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

## သက်ငယ်မုဒိမ်းမှုကျူးလွန်သူများကို ထောင်ဒဏ်နှစ်(၂၀)အပြစ်ပေးနိုင်ကြောင်း သိရှိနိုင်စေရန်နှင့် အသိပညာပေးရန်ဆုံးဖြတ်

သတင်း စာမျက်နှာ - ၃

## အချိန်အခါမဟုတ်မိုးရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၈**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေအေးများနှင့် အရှေ့ဘက်မှရွေ့လျားလာသော လေနွေးများစုဆုံမှုကြောင့် ယနေ့မွန်းလွဲမှ နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**



## တန်ဖိုးနည်းနှင့် တန်ဖိုးမျှတအိမ်ရာ အခန်းပေါင်း ၈၀၀၀ မန္တလေးတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရောင်းချမည်

**မန္တလေး နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆ မှ ၂၀၂၀ ဘဏ္ဍာနှစ်အထိ ငါးနှစ်တာကာလအတွင်း တန်ဖိုးနည်းနှင့် တန်ဖိုးမျှတအိမ်ရာအခန်းပေါင်း ၈၀၀၀ ဆောက်လုပ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ■

# မြန်မာအသင်းမှ အောင်သူနှင့် ဇော်မင်းထွန်း ဆူဇူကီးဖလားအုပ်စုပွဲစဉ်များအတွက် အကောင်းဆုံးကစားသမားစာရင်းတွင် ပါဝင်

**ရန်ကုန် နိုဝင်ဘာ ၂၈**

နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိကျင်းပခဲ့သည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအုပ်စုပွဲစဉ်များတွင် ကစားသမားများ၏ စွမ်းဆောင်ရည်အပေါ်မူတည်၍ နာမည်ကြီးအားကစားဝက်ဘ်ဆိုက်ဖြစ်သည့် Goal.com က အကောင်းဆုံး ၁၁ ဦးကို ရွေးချယ်ခဲ့ရာမြန်မာအသင်းမှ နှစ်ဦးရွေးချယ်ခံခဲ့ရသည်။ မြန်မာအသင်းတွင် ခြေစွမ်းပြခဲ့သည့်ကစားသမားများအနက် လူငယ်တိုက်စစ်မှူးအောင်သူနှင့် ဝါရင့်နောက်ခံလူဇော်မင်းထွန်းတို့ ရွေးချယ်ခံခဲ့ရသည်။



မြန်မာအသင်း၏ လူငယ်တိုက်စစ်မှူး အောင်သူ။

Goal.com သည် အုပ်စုပွဲစဉ်များအပြီး စွမ်းဆောင်ရည်များအပေါ်မူတည်၍ ၃-၄-၃ ကစားကွက်ပုံစံဖြင့် ရွေးချယ်ခဲ့ပြီး ဂိုး-ဆန်နီ(စင်ကာပူ)၊ နောက်တန်း-ဇော်မင်းထွန်း(မြန်မာ)၊ မိုဟာနာ(စင်ကာပူ)၊ ကွီငိုဟိုင်(ဗီယက်နမ်)၊ အလယ်တန်း-ဆိုလာဆာနှင့် လီလီပါလီ(အင်ဒိုနီးရှား)၊ ယိုနန်နှင့် ဆာရာဝပ်(ထိုင်း)၊ ရှေ့တန်း -အောင်သူ(မြန်မာ)၊ သီယာဆေးလ်ဒန်ဒါ(ထိုင်း)နှင့် လီကောင်မင်(ဗီယက်နမ်)တို့ ပါဝင်ကြသည်။ ယင်း ၁၁ ဦးတွင် ထိုင်းမှ သုံးဦးဖြင့် အများဆုံးပါဝင်လာပြီး မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် စင်ကာပူတို့မှ နှစ်ဦးစီ ရွေးချယ်ခံခဲ့ရသည်။ ဆီမီးဖိုင်နယ်ရောက်အသင်းလေးသင်းမှ ကစားသမားကိုးဦးရွေးချယ်ခံခဲ့ရပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည့် စင်ကာပူအသင်းမှ ဂိုးသမားတစ်ဦးနှင့် နောက်ခံလူတစ်ဦးတို့ အံ့အားသင့်ဖွယ်ရွေးချယ်ခံခဲ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ▼


DECO-LAND GROUP

ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 01 684292, 684405~08